# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
# (၁၇) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၂ ရက်
## (၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ကို မွန်းလွဲ ၁၃း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ခင်ဗျား။ အားလုံးသုမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမင်္ဂလာပြုအပ်ပါတယ်။ စကားလေး ၁ မိနစ်စာ တိုတိုလေးပါခင်ဗျား။ အဲဒါတော့ တခြားမဟုတ်ပါဘူး။ ကျွန်တော်တို့ လွှတ်တော်ဆိုင်ရာ လွှတ်တော်ရဲ့အခွင့်အရေးကော်မတီဥက္ကဋ္ဌအနေနဲ့ ကိုယ်စားလှယ်ကြီးများကို တင်ပြချင်တာလေးရှိလို့ပါ။ တခြားတော့ မဟုတ်ပါဘူးခင်ဗျား။ ကျွန်တော်တို့ ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးများကိုတက်ရောက်ပြီးတော့ ဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ ကိုယ်စားလှယ်များအနေနဲ့ မေးခွန်းများ၊ အဆိုများ၊ ဥပဒေကြမ်းများတင်သွင်းခွင့်ရှိပါတယ်။ တင်သွင်းတဲ့အခါမှာသာလျှင် ကျွန်တော်တို့ ဥပဒေနှင့်အညီ၊ စည်းကမ်းနည်းလမ်းများနှင့် တင်သွင်းကြဖို့ပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တင်သွင်းတဲ့အခါမှာလည်းပဲ ကျွန်တော်တို့မှာ သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေတွေလည်း ရှိတဲ့အတွက် သေသေချာချာဖတ်ရှုလေ့လာပြီးတဲ့အခါကျရင် နည်းလမ်းစည်းကမ်းများနှင့်အညီ တင်ပြဖို့လိုတာပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တင်ပြချက်တိုင်းဟာ ကျွန်တော်တို့ လက်ခံဖို့ပါ။ စည်းကမ်းနည်းလမ်းနဲ့ မညီတဲ့အခါကျရင်တော့ လက်ခံရတာအခက်အခဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကိုယ်စားလှယ်ကြီးများ သိပြီးတဲ့အတိုင်းဖြစ်ပါတယ်။ မေးခွန်းများ၊ အဆိုများ၊ ဥပဒေကြမ်းများကို

နည်းလမ်းစည်းကမ်းနှင့်အညီ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ပါတယ်လို့ ကျွန်တော်ကြိုတင်ပြေပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်လွှတ်တော်အတွင်းမှာ ဆောင်ရွက်တဲ့အခါမှာ ဟိုတစ်နေ့ကဆို ကြားလိုက်ရတဲ့အဖြစ်ကလေးတစ်ခု မိုက်တောင်းတဲ့အခါမှာ မရလို့ဆိုပြီးတော့ဖြစ်ပါတယ်။ ဒါလည်းပဲ ကျွန်တော်တို့ ကိုယ်စားလှယ်ကြီးများ အရင်အားလုံးသိကြပြီးသားအတိုင်းပါပဲ ကျွန်တော်တို့ ကိုယ်စားလှယ်ပေါင်း ၄၄၀ အတွက် မိုက်ကရိုဖုန်းတောင်းဖို့ ၄၄၀ သောဦးရေရှိပါတယ်။ အဲဒီအခါမှာ နှိပ်တဲ့အခါမှာ လက်ဦးမှုရတဲ့လူရဲ့ မိုက်တောင်းတိုင်းပဲ အကုန်လုံးတစ်ပြိုင်နက်တည်းဖွင့်ဖို့အခြေအနေ မဟုတ်ပါဘူးခင်ဗျား။ ဒါကြောင့်ပါ။ ဒါကြောင့် ကိုယ့်ကတော့ နှိပ်တော့နှိပ်တာပဲ အဲဒီနေ့ကလည်း ကျွန်တော်တို့လည်း နှိပ်ပါတယ်။ နှိပ်ပေမယ့် ကျွန်တော်တို့လည်း မရခဲ့ပါဘူး။ သို့သော်လည်း ရတဲ့လူက ကျွန်တော်တွေ့ပါတယ်။ မိုက်တောင်းတာကတော့ ကျွန်တော်ရပါတယ်။ ကျွန်တော်ထင်တယ် ဦးဝင်းသန်းဖြစ်ပါလိမ့်မယ်။ မိုက်တောင်းတာ ကျွန်တော်ရပါတယ်။ သို့သော်လည်း ဘယ်သူပေးရမလဲ ဆိုတာ ဥက္ကဋ္ဌကြီးက ဘယ်သူဘယ်ဝါကိုပဲပေးလိုက်ပါဆိုပြီးတော့ ကျော်ပြီးတော့ ပေးပါတယ်။ ဒါ တကယ်တော့ အဲဒါလေးနားလည်ဖို့ပါ။ မိုက်ကိုနှိပ်ရဲ့သားနဲ့ ကိုယ့်မရဘူးဆိုတဲ့ အနေအထားမျိုးလေး မဖြစ်စေချင်လို့ပါ။ တကယ်တော့ မိုက်တောင်းတဲ့ဟာ လူတိုင်းရနိုင်ခွင့်ရှိပါတယ်။ သို့သော် နှိပ်တာ စောတာနဲ့ နောက်ကျသွားတာနဲ့မူတည်ပြီးတော့ အဲဒါ အရင်ဆုံး Control ခန်းမှာ သွားပြီးတော့ အရင် ပေါ်တဲ့သူက မိုက်ကို အရင်ရသွားတာဖြစ်ပါတယ်။ ဒါလေးကို နားလည်ပေးစေချင်ပါတယ်။ နောက် နံပါတ် (၃) အချက်ကတော့ မဲဆန္ဒပေးတဲ့အခါတွေကြရင်လည်း ကျွန်တော်တို့ ပြည်ထောင်စုမှာ မဲပေးတဲ့အခါ မဲပေးတဲ့စနစ်နဲ့ ခလုတ်နှိပ်ပြီးဆောင်ရွက်တဲ့အခါမှာ တစ်ခါတစ်ခါ တက်ရောက်တဲ့ ဦးရေနဲ့ မဲပေးတဲ့ဦးရေ မတူတာလေးတွေတွေ့ရပါတယ်။ ဒါ မနှစ်ကတော့ ကျွန်တော်တို့ ကိုယ်စားလှယ် ကြီးများ အဖန်ဖန်အထပ်ထပ် လုပ်ဆောင်ခဲ့ကြတဲ့အတွက် အားလုံးအသိပဲဖြစ်ပါတယ်။ တစ်ခါတစ်ခါ မှာကြတော့ မိမိတို့ရဲ့ Voting ကတ်လေးဟာ သူရဲ့ slop ထဲကို တိတိကျကျမဝင်တဲ့အခါ ဒါမဟုတ် လို့ရှိရင် ထိုးထားတဲ့အခါမှာ မတိကျတဲ့အခါမျိုးမှာ မိမိတောင်းဆိုတဲ့ မိမိနှိပ်တဲ့ခလုတ်ဟာ ပေါ်မှာ မဟုတ်ပါဘူးခင်ဗျား။ နောက်တစ်ချက်ကလည်း စက္ကန့် ၃၀ အတွင်းမှာ အပြောင်းအလဲလုပ်လို့ရပါ တယ်။ တစ်ခါနှိပ်ပြီးလို့ရှိရင် နောက်တစ်ခါနှိပ်ပြန်နှိပ်၊ နှိပ်ပြီးတဲ့အခါမှာ နောက်တစ်ခါ နှိပ်တဲ့ဟာက အတည်ဖြစ်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ငယ်ငယ်က စာသင်တဲ့အခါမှာလည်း တစ်နေရာ တည်းမှာပဲ နှစ်ခါနှိပ်ရင်ပြန်ပျက်သွားတတ်တဲ့ အနေအထားမျိုးရှိပါတယ်။ အဲဒါကြောင့်မို့လို့ မသိရင် လည်း သက်ဆိုင်ရာတာဝန်ရှိတဲ့လူတွေကိုလည်း မေးလို့မြန်းလို့ရပါတယ်။ မိမိတို့ ဆောင်ရွက်ချက်လေး

တွေဟာ ကိုယ့်ရဲ့လိုအပ်ချက်အလေးနဲ့ တစ်ခုခုများချို့ယွင်းသွားခဲ့ရင် နားလည်ပြီးတော့ ဆောင်ရွက်ကြဖို့အတွက်ကို ကျွန်တော်တင်ပြခြင်းပဲဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၃ း ၀၀ ။**

**အခမ်းအနားမှူး။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၁၇) ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**[** ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။ **]**

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး ရှိတဲ့အနက် ၄၀၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၉၃.၅၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်ပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးမောင်ဦး(ဥက္ကဋ္ဌ၊ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ အခမ်းအနားသို့ မတက်ရောက်နိုင်တဲ့အတွက် ခွင့်ပန်ကြားလာကြတဲ့ ကိုယ်စားလှယ်များအားလုံးရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီဥက္ကဋ္ဌဖြစ်သူ ဦးမောင်ဦးမှ စုပေါင်းပန်ကြားခွင့်ပြုပါရန်တင်ပြအပ်ပါတယ်ခင်ဗျား။ ယနေ့အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ၄၃၁ ဦးအနက် ယခင် ခွင့်ပန်ကြားထားသူ ၅ ဦး၊ ယနေ့ခွင့်ပန်ကြားထားသူ ၂၃ ဦး စုစုပေါင်း ၂၈ ဦး ခွင့်ပန်ကြားထားရှိပါတယ်။ ယနေ့ ခွင့်ပန်ကြားထားသူ ၂၃ ဦးအနက် ၃ ဦးမှာ ကျန်းမာရေးကိစ္စအတွက်ဖြစ်ပြီးတော့ ကျန် ၂၀ ဦးမှာ ကိုယ်ရေးကိုယ်တာကိစ္စများဆောင်ရွက်ရန်အတွက် တင်ပြထားခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျန်းမာရေးကိစ္စအတွက် တင်ပြထားသူ ၃ ဦးမှာတော့-

(၁) ဓနုဖြူမဲဆန္ဒနယ်မှ ဦးကြည်တင့်၊

(၂) တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်း၊

(၃) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးထူးအောင်တို့ ၃ ဦးဖြစ်ပါတယ်ခင်ဗျား။

ကိုယ်ရေးကိုယ်ကိစ္စများ ကိုယ်တိုင်ဆောင်ရွက်ရန်ရှိပါသဖြင့် ခွင့်ပန်ကြားထားသူ ၂၀ ဦးမှာတော့-

(၄) ဖာပွန်မဲဆန္ဒနယ်မှ ဦးစိုင်းသန်းနိုင်သည် ၃၀-၇-၂၀၁၂ ရက်နေ့မှ ၁-၈-၂၀၁၂ ရက်နေ့အထိ ခွင့် ၃ ရက်အားလည်းကောင်း၊

(၅) ရေဦးမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦးသည် ယနေ့မှ ၃၁-၇-၂၀၁၂ ရက်နေ့အထိ ခွင့် ၂ ရက်အားလည်းကောင်း၊

(၆) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်းသည် ယနေ့မှ ၃၁-၇-၂၀၁၂ ရက်နေ့အထိ ခွင့် ၂ ရက်အားလည်းကောင်း၊

(၇) တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့်သည် ယနေ့မှ ၃၁-၇-၂၀၁၂ ရက်နေ့အထိ ခွင့် ၂ ရက်အားလည်းကောင်း၊

(၈) ခင်ဦးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေသည် ယနေ့မှ ၃၁-၇-၂၀၁၂ ရက်နေ့အထိ ခွင့် ၂ ရက်အားလည်းကောင်း၊

(၉) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီးသည် ယနေ့မှ ၁-၈-၂၀၁၂ ရက်နေ့ အထိ ခွင့် ၃ ရက်အားလည်းကောင်း၊

(၁၀) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သိန်းသည် ယနေ့မှ ၁-၈-၂၀၁၂ ရက်နေ့ အထိ ခွင့် ၃ ရက်အားလည်းကောင်း၊

(၁၁) မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့်သည် ယနေ့အား ခွင့် ၁ ရက်အဖြစ် လည်းကောင်း၊

(၁၂) ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးမြင့်လွင်သည် ယနေ့မှ ၃၁-၇-၂၀၁၂ ရက်နေ့အထိ ခွင့် ၂ ရက်အားလည်းကောင်း၊

(၁၃) လေရှီးမဲဆန္ဒနယ်မှ ဦးရှိသီးသည် ယနေ့မှ ၁-၈-၂၀၁၂ ရက်နေ့အထိ ခွင့် ၃ ရက်အား လည်းကောင်း၊

(၁၄) သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်းသည် ယနေ့မှ ၃၁-၇-၂၀၁၂ ရက်နေ့အထိ ခွင့် ၂ ရက် အားလည်းကောင်း၊

(၁၅) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင်သည် ယနေ့ ၁ ရက်အား ခွင့် ၁ ရက်အဖြစ် လည်းကောင်း၊

(၁၆) ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်းသည် ယနေ့မှ ၁-၈-၂၀၁၂ ရက်နေ့ အထိ ခွင့် ၃ ရက် အားလည်းကောင်း၊

(၁၇) သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင်သည် ယနေ့ ၁ ရက်အား ခွင့် ၁ ရက်အဖြစ် လည်းကောင်း၊

(၁၈) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယသည် ယနေ့မှ ၁-၈-၂၀၁၂ ရက်နေ့အထိ ခွင့် ၃ ရက် အားလည်းကောင်း၊

(၁၉) မိုင်းတုံမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကြည်သည် ယနေ့ ၁ ရက်အား ခွင့် ၁ ရက်အဖြစ် လည်းကောင်း၊

(၂၀) ဖယ်ခုံမဲဆန္ဒနယ်မှ ဦးဖရန်စစ္စကိုသည် ယနေ့မှ ၃၁-၇-၂၀၁၂ ရက်နေ့အထိ ခွင့် ၂ ရက် အားလည်းကောင်း၊

(၂၁) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင်သည် ယနေ့ ၁ ရက်အား ခွင့် ၁ ရက်အဖြစ် လည်းကောင်း၊

(၂၂) မောင်တောမဲဆန္ဒနယ်မှ ဦးအောင်ဇော်ဝင်းသည် ယနေ့မှ ၃-၈-၂၀၁၂ ရက်နေ့အထိ ခွင့် ၅ ရက်အားလည်းကောင်း၊

(၂၃) ရေဖြူမဲဆန္ဒနယ်မှ ဦးဝင်းဦးသည် ယနေ့မှ ၁-၈-၂၀၁၂ ရက်နေ့အထိ ခွင့် ၃ ရက်အား လည်းကောင်း စုစုပေါင်း ၂၀ ယောက်နှင့် ကျန်းမာရေးကိစ္စအတွက် ၃ ယောက်၊ ၂၃ ယောက် ခွင့်ပန်ကြားမှုအား ခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၅ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၃ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၂၈ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်းကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**စက်မှုဇုန်ထုတ်ကားများနှင့် သက်ဆိုင်သည့်အကြောင်းအရာ ၆ ခုနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်အား မေးမြန်းဖို့ ဖိတ်ခေါ်ပါ တယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့် မေးခွန်းကတော့ (က) ယခင် အစိုးရလက်ထက်က ထုတ်လုပ်ခွင့်ပြုခဲ့သော Super Custom (MPV) စက်မှုဇုန်ထုတ်ကားများအား အမှန်တကယ်ပြည်တွင်း၌ ထုတ်လုပ်ခြင်းမဟုတ်ဘဲ ပြည်ပက တရားမဝင်ခိုးသွင်းလာသော Super Custom ကားများကို စစ်ဆေးခဲ့ပြီး လိုင်စင်မရမီ ထုတ်လုပ်သူများကို ယခုလက်ရှိအချိန်တွင် ကျပ်သိန်း ၆၀ ပေးသွင်းရန် ညွှန်ကြားထားသည်မှာ မှန်ပါသလား။ (ခ) MPV ထုတ်လုပ်ခွင့်ရရှိသော ကုမ္ပဏီ တချို့သည် စက်မှုဝန်ကြီးဌာန၏ ညွှန်ကြားချက်ကို လိုက်နာမှုမရှိဘဲ ကားဝယ်ထားသူများကိုသာ နည်းအမျိုးမျိုးဖြင့် ဖိအားပေးပြီး ဒဏ်ကြေးငွေပေးသွင်းစေခဲ့သည်ကို သိပါသလား။ (ဂ) ကားဝယ်ထား သူများမှ ၎င်းတို့၏ မကျေနပ်ချက်များကို စက်မှုဝန်ကြီးဌာနသို့ တိုင်စာများ ပေးပို့တိုင်ကြားခဲ့သော်လည်း အရေးယူခြင်းမရှိသေးသည့်အတွက် ကားဝယ်ထားသူများမှာ အခက်အခဲများနှင့် ရင်ဆိုင်နေရသည်ကို သိပါသလား။ (ဃ) ကားထုတ်လုပ်သူအချို့သည် ကားဝယ်ထားသူများကိုပင် ပြန်လည်တရားစွဲဆိုခြင်းများ ပြုလုပ်နေသည်ကို သိပါသလား။ သိရှိပါက ၎င်းကုမ္ပဏီများကို မည်ကဲ့သို့ အရေးယူဆောင်ရွက်ပေးပါ မည်နည်း။ (င) ကျေနပ်မှုမရှိဘဲ ဒဏ်ကြေးငွေပေးသွင်းခဲ့ရသော ဝယ်ယူသူများနှင့် ဒဏ်ကြေးငွေမသွင်း နိုင်သော လိုင်စင်မဲ့ကားများကို ပိုင်ဆိုင်ထားရသော ကားဝယ်ယူသူများအတွက် စက်မှုဝန်ကြီးဌာနမှ မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်မည်နည်း။ (စ) ယခုအချိန်တွင် လက်ရှိမော်တော်ယာဉ်အသစ်များ ကာလ ပေါက်စျေးနှုန်းနှင့်နှိုင်းယှဉ်ပြီး ပြည်တွင်းလုပ်ငန်းရှင်များ၏ ထုတ်လုပ်မှုများအတွက် ဒဏ်ကြေးငွေပေး

ဆောင်ရမှုကို လိုက်လျောညီထွေစီစဉ်ပေးပြီး နစ်နာသူ Super Custom ကားဝယ်သည့် ပြည်သူများ အတွက် မည်သို့ ဆောင်ရွက်ပေးမည်ကိုလည်း သိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမျိုးအောင်(ဒုတိယဝန်ကြီး၊စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်ရဲ့ မေးခွန်းကို စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်မှ ဖြေကြားတင်ပြမှာဖြစ်ပါတယ်။ မော်တော်ယာဉ်ထုတ်လုပ်မှုများနှင့်ပတ်သက်၍ ယခင် အစိုးရလက်ထက်တွင် မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ထုတ်လုပ်ခွင့်ပြုခဲ့သော Super Custom (Multi Purpose Vehicle) မော်တော်ယာဉ်များကို မြန်မာ့စက်မှုလက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီမှ တာဝန်ပေးအပ်ထားသည့် ယခင် အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များပါဝင်သည့် စစ်ဆေးရေးအဖွဲ့အနေဖြင့် သတ်မှတ်ချက်နှင့်ကိုက်ညီမှုရှိမရှိကို စိစစ်ဆောင်ရွက်ခဲ့ပါတယ်။ ယင်းသို့ စိစစ်ဆောင်ရွက်ရာတွင် ခွင့်ပြုမိန့်ချမှတ်ပေးစဉ်က ပြည်တွင်း၌ ထုတ်လုပ်ရန် သတ်မှတ်ထားသည့် အစိတ်အပိုင်းများဖြစ်သော Cab, Body and Frame များကို ပြည်တွင်း၌ ထုတ်လုပ်ခြင်းမရှိသည့် အပြင် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသော မော်တော်ယာဉ်များအား တပ်ဆင်ထုတ်လုပ်ထား သည်ကို စစ်ဆေးတွေ့ရှိရပါတယ်။ ထိုသို့ သတ်မှတ်ချက်နှင့်ကိုက်ညီမှုမရှိဘဲ ထုတ်လုပ်သည့် Super Custom (Multi Purpose Vehicle) မော်တော်ယာဉ်များနှင့်ပတ်သက်၍ မော်တော်ယာဉ်ထုတ်လုပ်မှု ဖွံ့ဖြိုးရေးဆပ်ကော်မတီမှ တာဝန်ရှိသူများအနေဖြင့် ထုတ်လုပ်မှုလုပ်ငန်းရှင်များနှင့် ၁၅-၈-၂၀၁၂ ရက် နေ့တွင်တွေ့ဆုံပြီး အဆိုပါလုပ်ငန်းရှင်အားလုံး၏ သဘောတူညီချက်ဖြင့် ထုတ်လုပ်မှုစည်းကမ်းနှင့် မကိုက်ညီသည့် မော်တော်ယာဉ်များအတွက် ဒဏ်ကြေးငွေများကို နိုင်ငံတော်သို့ ပေးသွင်းစေပြီး Inspection Certificate ကို ထုတ်ပေးမှုဆောင်ရွက်ခဲ့ပါတယ်။ ထိုကဲ့သို့ ဆောင်ရွက်ရခြင်းမှာ ထုတ်လုပ်ထားသည့် Super Custom (Multi Purpose Vehicle) မော်တော်ယာဉ်အများစုကို သုံးစွဲသူ အများပြည်သူထံ ကြိုတင်ရောင်းချထားခြင်း၊ ဝယ်ယူထားသူအနေဖြင့် စည်းကမ်းသတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိသည့်အတွက် လမ်းများအပေါ်တွင် သုံးစွဲခွင့်အခက်အခဲရှိနေခြင်းတို့ကြောင့် ဖြစ်ပေါ်နေ

သည့်ပြဿနာများကို ပြေလည်စေရေး ရည်ရွယ်ပြီး အများပြည်သူအကျိုးငှာ ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ပါတယ်။ ဒဏ်ကြေးပေးသွင်းရသည့် Super Custom (Multi Purpose Vehicle) မော်တော်ယာဉ် များအနက် ၁ ရာခိုင်နှုန်း အရေအတွက်ပင်မရှိသော မော်တော်ယာဉ်များအတွက် ဒဏ်ကြေးငွေပေးသွင်း ရေးကိစ္စနှင့်ပတ်သက်၍ ဝယ်ယူထားသူအချို့မှာ သက်ဆိုင်ရာသို့ တိုင်ကြားလာသဖြင့် မော်တော်ယာဉ် ထုတ်လုပ်မှု ဖွံ့ဖြိုးရေးဆပ်ကော်မတီအနေနဲ့ မော်တော်ယာဉ်ထုတ်လုပ်သူလုပ်ငန်းရှင် ၇ ဦးကို ၃၀-၁၂-၂၀၁၁ ရက်နေ့တွင် ခေါ်ယူတွေ့ဆုံခဲ့ပါတယ်။ ထိုသို့ ခေါ်ယူတွေ့ဆုံရာ၌ မော်တော်ယာဉ် ထုတ်လုပ်ခွင့်ကို သက်ဆိုင်ရာ မော်တော်ယာဉ်ထုတ်လုပ်သည့် လုပ်ငန်းရှင်ကိုသာ ခွင့်ပြုပေးခဲ့ခြင်းဖြစ် သဖြင့် သတ်မှတ်ချက်နှင့်ကိုက်ညီမှုမရှိဘဲ ထုတ်လုပ်ထားပါက ၎င်းလုပ်ငန်းရှင်များ၌သာ တာဝန်ဖြစ် ကြောင်းနှင့် ပြဿနာပေါ်ပေါက်လာပါက အဆိုပါလုပ်ငန်းရှင်များအနေဖြင့် ဝယ်ယူသူကျေနပ်အောင် ဖြေရှင်းပေးရန် တာဝန်ရှိမည်ဖြစ်ကြောင်းကို အသိပေးပြောကြားခဲ့ပြီး ဖြစ်ပါတယ်။ အဆိုပါ လုပ်ငန်းရှင် များအနေဖြင့်လည်း တိုင်ကြားသူများနှင့် တွေ့ဆုံပြီး လိုအပ်ချက်များကို ဖြေရှင်းပေးခဲ့ပြီး ဖြစ်သည့်အတွက် တိုင်ကြားသူများအနေနဲ့ ကျေးဇူးတင်ရှိကြောင်းကို သက်ဆိုင်ရာဆပ်ကော်မတီသို့ ပြန်လည်သတင်းပို့ခြင်း များရှိကြောင်း တွေ့ရှိရပါတယ်။ ထိုသို့ တရားမဝင်နည်းလမ်းပေါင်းစုံဖြင့် တင်သွင်းလာသော Super Custom (Multi Purpose Vehicle) မော်တော်ယာဉ်များနှင့် ပတ်သက်၍ သတ်မှတ်ဒဏ်ကြေးငွေများ ကို နိုင်ငံတော်သို့ ပေးသွင်းမှုဆောင်ရွက်စေခဲ့ရာ ၃၁-၃-၂၀၁၂ ရက်နေ့အထိ အမေရိကန်ဒေါ်လာ ၁၈၇၅၃၀၃၁ နှင့် မြန်မာငွေ ၆.၂၆ ဘီလီယံကျပ်ကို နိုင်ငံတော်၏ငွေစာရင်းသို့ အပြီးအပြတ်ပေး သွင်းခဲ့ပြီးဖြစ်ပါတယ်။ ထို့နောက်ပိုင်း ၁-၄-၂၀၁၂ ရက်နေ့မှစတင်၍ Super Custom (Multi Purpose Vehicle) မော်တော်ယာဉ်များနှင့်ပတ်သက်၍ အလားတူဒဏ်ကြေးငွေပေးဆောင်ရသည့် ကိစ္စများ ဆောင်ရွက်ခြင်းမရှိတော့ကြောင်း အသိပေးအပ်ပါတယ်။ ၎င်းအပြင် မူလအတည်ပြုထားသည့် မော်တော်ယာဉ်၏ ဒီဇိုင်းပုံစံနှင့် ကွဲလွဲသောအစိတ်အပိုင်း ဥပမာ- Wheel Length, Engine, Frame Length Breaking System စသည်တို့အတွက် နိုင်ငံတော်သို့ သတ်မှတ်ဒဏ်ကြေးငွေများ ပေးသွင်းမှု ဆောင်ရွက်စေလျက်ရှိပါတယ်။ အဆိုပါ အကြောင်းအရာများအားလုံး၏ ဇစ်မြစ်သည် ဝိသမလောဘ သားများမှ တရားမဝင်နည်းလမ်းမျိုးစုံ အသုံးပြုလျက် ပြည်တွင်းသို့ ခိုးသွင်းလာသော မော်တော်ယာဉ် များကြောင့်သာ ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်ပြီး အဆိုပါကိစ္စရပ်များကို မော်တော်ယာဉ်ထုတ်လုပ်မှုဖွံ့ဖြိုးရေး ဆပ်ကော်မတီအနေဖြင့် မော်တော်ယာဉ် လက်ဝယ်ရှိနေသည့် ပြည်သူများ၏ အခက်အခဲ၊ ပြည်တွင်းသို့ ရောက်ရှိနေပြီးဖြစ်သော အဆိုပါ မော်တော်ယာဉ်များ၏ ပြဿနာနှင့် နိုင်ငံတော်အနေနဲ့ ထိုက်သင့်

သည့်အခွန်ဘဏ္ဍာငွေရရှိရေးတို့အတွက် ရည်ရွယ်ပြီး အညင်သာဆုံး ညှိနှိုင်းဆောင်ရွက်ပေးခဲ့ခြင်းသာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ (ဃ)အရ ဒုတိယဝန်ကြီးကို မေးမြန်းတင်ပြလိုတာကတော့ ဝယ်ယူသူများကျေနပ်အောင် ဖြေရှင်းပေးခဲ့တယ်ဆိုပေမယ့် ယနေ့အထိ ဝယ်ယူသူတွေထဲက နစ်နာနေတဲ့သူတွေ၊ သူတို့ရဲ့ရင်ဖွင့်သံကို Venus ဂျာနယ်မှာ ဇွန်လ ၂၀ ရက်နေ့က နာမည်တွေနဲ့သူတို့ထုတ်ဖော်ပြောကြားခဲ့တာကိုသိပါသလား။ ကနေ့အချိန်အထိ ဝယ်ယူသူတွေကို ကျေနပ်အောင်မလုပ်ပေးတဲ့ကုမ္ပဏီတွေကို နာမည်ပျက်စာရင်းသွင်းဖို့ရော စက်မှုဝန်ကြီးဌာနအနေနဲ့ အစီအစဉ်ရှိပါသလား။ ရှင်းလင်းဖြေကြားပေးဖို့မေတ္တာရပ်ခံပါတယ်။

**ဦးမျိုးအောင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့အနေနဲ့ကတော့ မော်တော်ယာဉ်ထုတ်လုပ်တဲ့သူတွေနှင့် စောစောကဝယ်ယူတဲ့သူတွေကို ကျွန်တော်တို့ကိုလာရောက်အသိပေးပြီးတော့ဆွေးနွေးတဲ့သူတွေကိုခေါ်ယူပြီးတော့ ညှိနှိုင်းပေးခဲ့ပါတယ်။ ဆွေးနွေးပေးလို့ စောစောကကျွန်တော်တင်ပြသလိုပဲ ပြေလည်သွားတဲ့ ပုဂ္ဂိုလ်တွေအနေနဲ့လည်း ပြေလည်သွားတယ်ဆိုတာကျွန်တော်တို့ကိုပြောတာ ကျွန်တော်သိပါတယ်။ အခု လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့အတိုင်းဆိုရင် မပြေလည်တဲ့သူတွေလည်းရှိသေးတယ်လို့သိရပါတယ်။ ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့ကိုလာရောက်ဆွေးနွေးခဲ့ရင် ကျွန်တော်တို့ တတ်နိုင်သလောက် ပြန်လည်ညှိနှိုင်းဖြေရှင်းပြီးတော့ဆောင်ရွက်ပေးပါ့မယ်။ (သြဘာသံများ)

**လှိုင်ကော်-နေပြည်တော်ပြေးဆွဲလျက်ရှိသော မြန်မာ့မီးရထားအား နိုင်ငံတော်မှအဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ရန်အစီအစဉ်ရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လှိုင်ကော်မဲဆန္ဒနယ်မှ ဦးခင်မောင်ညိုမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ညို(လှိုင်ကော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဖိတ်ကြားထားသောပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ လှိုင်ကော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးခင်မောင်ညိုဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ကယားပြည်နယ် လှိုင်ကော်မြို့နှင့် နေပြည်တော်သို့ပြေးဆွဲလျက်ရှိသော မြန်မာ့မီးရထားအား လူစီးတွဲများ၊ စက်ခေါင်းတွဲများ၊ လက်ရှိ

မီးရထားသံလမ်းများကို နိုင်ငံတော်မှအဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ်ရှိ၊ မရှိသိရှိလိုပါကြောင်းမေးမြန်းခြင်းပဲဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကယားပြည်နယ် လွိုင်ကော်မြို့နှင့် နေပြည်တော်သို့ မြန်မာ့မီးရထားလမ်းကို ၁၉၉၃ ခုနှစ်မှစတင်ပြီး ဖောက်လုပ်ပြေးဆွဲခဲ့လို့ ကယားပြည်နယ်သူပြည်နယ်သားများအနေဖြင့် ဂုဏ်ယူပြီးနိုင်ငံတော်ကို အထူးကျေးဇူးတင်ရှိလျက်ရှိပါတယ်။ လွိုင်ကော်မြို့တွင် မီးရထားဘူတာရုံကြီးကိုလည်း ဂုဏ်ယူဝင့်ကြွားစွာ ထည်ထည်ဝါဝါတည်ဆောက်ပေးခဲ့လို့ လွိုင်ကော်မြို့ရဲ့ ကျက်သရေဆောင်လည်း ဖြစ်ခဲ့ရပါတယ်။ မီးရထားလမ်းတစ်လျှောက်မှာရှိတဲ့ ကျေးရွာများ၊ မြို့နယ်များကုန်စည်စီးဆင်းမှုလျင်မြန်ချောမွေ့ပြီး ဝန်ထမ်းများ၊ ခရီးသွားပြည်သူများအတွက် များစွာတန်ဖိုးရှိလှပါတယ်။ ပြည်နယ် ပြည်မမှထွက်ကုန်များကို မြန်မာပြည် တစ်နံတစ်လျားသို့လည်း ပို့ဆောင်ကုန်သွယ်မှုပြုနိုင်တာမို့ အစစအရာရာ အဆင်ပြေချောမွေ့ခဲ့ပါတယ်။ သို့သော်လည်းပဲ ယနေ့လက်ရှိပြေးဆွဲနေခဲ့သော မြန်မာ့မီးရထားစက်ခေါင်းအား ၁၁၀ အားဖြင့်သာ ပြေးဆွဲနေခဲ့ရတာကြောင့် တွဲများများမချိတ်ဆွဲနိုင်ခြင်း၊ ကုန်တွဲသီးသန့်ချိတ်ဆွဲခြင်းမပြုနိုင်ခြင်း၊ လူစီးတွဲများမှာလည်း အကာမဲ့ခုံတန်းလျားများဖြင့် ပြေးဆွဲချိတ်ဆွဲလျက်ရှိတာကြောင့် မိုးရာသီတွင် ခရီးသွားပြည်သူများ၊ ဝန်ထမ်းများ လုံခြုံစိတ်ချရမှုမရှိခြင်းများ မကြာခဏဆိုသလို သံလမ်းချော်ခြင်းများကြုံတွေ့နေကြရပါသဖြင့် လူစီးတွဲများအား မျက်နှာချင်းဆိုင်ထိုင်ခုံများဖြင့် လုံခြုံစိတ်ချရသောတွဲများခေတ်နှင့်အညီဆောင်ရွက်ပေးသင့်နေပြီဖြစ်ပါတယ်။ မီးရထားစက်ခေါင်းကိုလည်း ၁၄၀ ဖြင့် ပြေးဆွဲပေးနိုင်မှသာ လိုအပ်သောတွဲများ ချိတ်ဆွဲပေးနိုင်မှာဖြစ်သလို မီးရထားလမ်းများမှာလည်း သစ်မာမဟုတ်သောသစ်များဖြင့် ခင်းကျင်းထားတာဖြစ်တဲ့အတွက် ရေရှည်တွင် ခံနိုင်ဝန်အားမရှိခြင်းတို့ကြောင့် တွဲချော်ခြင်း၊ ခရီးကြန့်ကြာခြင်း၊ အချိန်မမှန်ခြင်းများနှင့် ရင်ဆိုင်ကြုံတွေ့နေခဲ့ရပါတယ်။ မီးရထားစက်ခေါင်းအား ၁၄၀ တိုးမြှင့်ပေးရန်လိုအပ်နေသလို လမ်းများကိုလည်း ကွန်ကရစ်ဇလီဖားတုံးများဖြင့် ပြုပြင်ပေးဖို့အချိန်တန်နေပြီဖြစ်ပါတယ်။ သို့အတွက်ကြောင့် လွိုင်ကော်-နေပြည်တော် ပြေးဆွဲပေးနေသော မြန်မာ့မီးရထားတွဲများအဆင့်မြှင့်တင်ပေးခြင်း၊ စက်ခေါင်းအားမြှင့်တင်ပေးခြင်း၊ မီးရထားလမ်းများအဆင့်မြှင့်တင်ပေးခြင်းကို နိုင်ငံတော်မှဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ၊ မရှိ သိရှိလိုပါတယ်။ အကယ်၍အစီအစဉ်ရှိပါက မည်သည့်အချိန်အခါကာလများတွင် ဆောင်ရွက်ပေးနိုင်မည်ကိုသိရှိလိုပါကြောင်း မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**သူရဦးသောင်းလွင်(ဒုတိယဝန်ကြီး၊ရထားပို့ဆောင်ရေးဝန်ကြီးဌာန**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ ကယားပြည်နယ်၊ လွိုင်ကော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညို မေးမြန်းထားတဲ့မေးခွန်းများကို ကျွန်တော် ရထားပို့ဆောင်ရေးဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က ဖြေကြားတင်ပြမှာဖြစ်ပါတယ်။ မြန်မာ့မီးရထားအနေဖြင့် နေပြည်တော်(ပျဉ်းမနား)ကနေ လွိုင်ကော်ကို နေ့စဉ်စာပို့ရထားအသွား တစ်စင်း၊ အပြန် တစ်စင်း ပြေးဆွဲပေးလျက်ရှိပါတယ်။ မြန်မာ့မီးရထားရှိစက်ခေါင်းများမှာ မြင်းကောင်ရေအကြီးဆုံးဖြစ်သည့် မြင်းကောင်ရေ ၂၀၀၀ အားရှိ စက်ခေါင်းကိုအသုံးပြုထားပါတယ်။ သို့သော်လည်း အဲ့ဒီလမ်းပိုင်းဟာ ဆင်ခြေလျှောကြီးမားသည့်အတွက် ပင်လောင်းနှင့် မိုးပြဲအကြားမှာ ချိတ်ဆွဲနိုင်တဲ့ဝန်ချိန်တန်ဟာ ၁၄၀ တန်သာခွင့်ပြုထားပါတယ်။ လက်ရှိသုံးစွဲထားသည့် စက်ခေါင်းများမှာ သက်တမ်းကြီးပြီး စက်စွမ်းအားလျော့လာသည့်အတွက် စိတ်ချစွာပြေးဆွဲနိုင်ရန် ၂၀၁၁ ခုနှစ်၊ ဇူလိုင်လမှစ၍ ချိတ်ဆွဲနိုင်တဲ့ဝန်ချိန်တန် ၁၁၀ သို့လျှော့ချခဲ့ပါတယ်။ ၎င်းရထားလမ်းအနေနဲ့ ကွေ့များပြားပြီးတော့ ကွေ့ဒီဂရီကြီးတဲ့အတွက်ကြောင့် ၃၆ ပေ ၆ လက်မအရှည်ရှိတဲ့ လူစီးတွဲများကိုသာချိတ်ဆက်နိုင်ပါတယ်။ လက်ရှိရထားမှာ အထက်တန်းတွဲ ၁ တွဲအပါအဝင်လူစီးတွဲ ၄ တွဲနှင့်ကုန် ၃၁ တန်တင်နိုင်သောဘရိတ်တွဲ ၁ တွဲပါရှိပါတယ်။ အောင်ပန်းတွင်အထက်တန်းတွဲကိုဖြုတ်ပြီး အောင်ပန်း-လွိုင်ကော် ခရီးကိုခရီးသည်တွဲ ၃ တွဲ၊ ကုန်တွဲ ၁ တွဲ ဖြင့်ဆက်လက်ပြေးဆွဲပါတယ်။ တွဲများပေါ်တွင် ထိုင်ခုံ ၁၂၄ ခုံပါရှိပါတယ်။ လက်မှတ်စစ်များ၏ သတင်းပို့ချက်အရ ခရီးသည်အများဆုံးဖြစ်တဲ့ ဘုရားငါးဆူဘူတာနှင့် အောင်ပန်းဘူတာအကြားမှာတောင် ခရီးသည် ၁၄၀ ခန့်သာပါရှိတဲ့အတွက် ထိုင်ခုံမဲ့ခရီးသည် ၁၆ ဦးခန့်သာ ရှိကြောင်းသိရပါတယ်။ အောင်ပန်းနှင့် လွိုင်ကော်အကြားတွင်မူ ခရီးသည်စီးနင်းမှု အလွန်နည်းပါးတဲ့အတွက် ထိုင်ခုံလုံလောက်မှုရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ ရထားပေါ်မှာပါတဲ့ ဘရိတ်တွဲသည် ကုန်တန်ချိန် ၃၁ တန်တင်ဆောင်နိုင်ပါတယ်။ သို့သော်လည်း လက်ရှိမှာကုန်တင်ပို့မှုနည်းပါးတဲ့အတွက် နေ့စဉ်ကုန်တန်ချိန် အတက်ရထားမှာ ၈.၂ တန်နှင့် အဆင်းရထားမှာ ၁၃.၂ တန်သာတင်ပို့ကြကြောင်းတွေ့ရှိရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ တွဲထပ်မံချိတ်ပေးရန် မလိုအပ်ကြောင်း သိရှိရ

ပါတယ်။ ရိုးရိုးတန်းတွဲများတွင်ခရီးသည် ၁၆ ဦး သို့မဟုတ် ၂၃ ဦးထိုင်နိုင်သည့်ခုံတန်းရှည် နှစ်ခုကို ကျောချင်းကပ်ထားတာဖြစ်ပါတယ်။ ဘေးကင်းလုံခြုံမှုရှိကြောင်း တွေ့ရပါတယ်။ ထိုတွဲများကို ယခုနှစ် စက်တင်ဘာလမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီး လိုလားတဲ့အတိုင်း မျက်နှာချင်းဆိုင် ထိုင်ခုံများပါရှိသောတွဲများဖြင့် အစားထိုးလဲလှယ်ရန်ရှိပါတယ်။ တွဲများစိတ်ချစွာ အသုံးပြုနိုင်ရေး အတွက်လည်း လူစီးတွဲများကို နှစ် နှစ် တစ် ကြိမ် မြစ်ငယ်စက်ရုံမှာအကြီးစားပြုပြင်ပြီး သက်ဆိုင်ရာ နယ်စက်ရုံများတွင်လည်း အသေးစားပြုပြင်ခြင်း၊ အလတ်စားပြုပြင်ခြင်း၊ နေ့စဉ်မထွက်ခွာခင် စစ်ဆေး ခြင်းများကို ပုံမှန်ဆောင်ရွက်လျက်ရှိပါတယ်။ လွိုင်ကော်-အောင်ပန်း-ဘုရားငါးဆူ-နေပြည်တော် လမ်းပိုင်းမှာ ရထားလမ်းပိုင်းကြံ့ခိုင်စေရေးအတွက် ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလမှစတင်၍ ၆ လတာ ကာလမှာ ကွန်ကရစ်ဇလီဖားလဲလှယ်ဖြည့်တင်းခြင်း ၃၂၆၃ တုံး၊ သစ်သားဇလီဖားလဲလှယ်ခြင်း ၃၂၂၅ တုံး၊ နောက် လမ်းပြုပြင်မွမ်းမံမှုများကိုပြုလုပ်ခဲ့ပါတယ်။ လမ်းပိုင်းဟာ အရင်ထက်တိုးတက် လာတဲ့အတွက် မနှစ်က ၆ လမှာ လမ်းချော်မှု ၉ ကြိမ်ရှိပါတယ်။ ဒီနှစ် ၂၀၁၂ ခုနှစ် ပထမ ၆ လ တာကာလမှာ လမ်းချော်မှု ၃ ကြိမ်သာရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ၉ ကြိမ်ကနေ ၃ ကြိမ်အထိ လျော့ကျသွားကြောင်းတွေ့ရှိရပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်များခင်ဗျား။ ရထားလမ်းကောင်းမွန်ရေးအတွက် ဇလီဖားကောင်းမွန်ရေးဟာ အဓိကကျတဲ့အတွက် သစ်သားဇလီဖားကို ကွန်ကရစ်ဇလီဖားများဖြင့် အစားထိုးလဲလှယ်နိုင်ဖို့ ရွှေညောင်မှာ ကွန်ကရစ်ဇလီဖားစက်ရုံတစ်ရုံကိုတည်ဆောက်လျက်ရှိရာ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လမှ စတင်ပြီး လစဉ် ကွန်ကရစ်ဇလီဖား ၁၆၀၀၀ တုံးကိုထုတ်လုပ်ပေးနိုင်မှာဖြစ်ပါတယ်။ အဲ့ဒီအခါမှာ သာစည်-ရွှေညောင် လမ်းပိုင်းနှင့် အောင်ပန်း-လွိုင်ကော်လမ်းပိုင်းကို စီမံချက်ချပြီးလဲလှယ်သွားမည် ဖြစ်ပါကြောင်းနှင့် လမ်းပိုင်းတိုးတက်မှုနှင့်အတူ စက်ခေါင်းတိုးတက်စေရန်၊ တွဲအစီးရေတိုးတက်စေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဘေးတံခါးမှန် အနက်ရောင်ပါကားများနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအောင်ဆန်း၊ ပန်းဘဲတန်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဆန်း(ပန်းဘဲတန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်များ ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနဲ့ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဦးအောင်ဆန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ နိုင်ငံခြားမှ မော်တော်ကားတင်သွင်းရေး မူဝါဒအရ မော်တော်ယာဉ်အမျိုးမျိုး သောင်းဂဏန်းခန့် တင်သွင်းရောက်ရှိလာပြီး ဖြစ်ပါတယ်။ မော်တော်ကားတင်သွင်းရောက်ရှိလာသော ပြည်သူများ ဝမ်းသာပီတိဖြစ်ရကြောင်းလည်း သိရှိရပါသည်။ သို့သော် စိတ်သောက ရောက်မှုလည်း ရှိနေကြောင်း သိရှိရပါတယ်။ ကိုယ်ပိုင်မော်တော်ကားအများဆုံးမှာလည်း ရန်ကုန်မြို့ Down Town မြို့နယ်ဖြစ်တဲ့ မြို့နယ်မှာ အများဆုံးရှိပါတယ်။ ကျွန်တော်တို့ ပန်းဘဲတန်းမြို့နယ်မှာဆိုရင် ကိုယ်ပိုင်ကားအသစ်ဟာ ၃၀၀၀ ခန့်ရှိနေပါတယ်။ ကျွန်တော်နေတဲ့ အမှတ်(၁)ရပ်ကွက်မှာပဲ ကားအစီး ၄၀၀ ကျော် ရှိနေပါ တယ်။ ဒါကြောင့် မဲဆန္ဒရှင်များရဲ့ဆန္ဒအရ အောက်ပါမေးခွန်းများကို လေးစားစွာ မေးမြန်းအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ ယနေ့ပြည်သူများ စီးနင်းအသုံးပြုနေသော ကိုယ်ပိုင် မော်တော်ယာဉ်များရဲ့ ဘေးတံခါးမှန်များဟာ အနက်ရောင်ဖြစ်ပါက သက်ဆိုင်ရာမှ စစ်ဆေးပြီးတော့ ဒဏ်ငွေများ ချမှတ်နေကြောင်း သိရှိရပါတယ်။ သို့သော် ဖမ်းဆီးဒဏ်ငွေရိုက်မှုဟာ ညီမျှမှုမရှိသည်ကို လည်း တွေ့ရှိရပါတယ်။ နိုင်ငံသားတိုင်းဟာ တန်းတူအခွင့်အရေးရသင့်ပါတယ်။ သို့ပါ၍ ကားပိုင်ရှင် များရဲ့သဘောဆန္ဒအရ အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါတယ်ခင်ဗျား။ (၁)ဘေးတံခါးမှန်များ အနက်ရောင်ဖြစ်ပါက နိုင်ငံသားများအတွက် မည်ကဲ့သို့သော ဆိုးကျိုးများ မည်မျှလောက် ဖြစ်ပေါ်ခဲ့ ကြောင်း သိရှိလိုပါတယ်။ (၂) နိုင်ငံခြားမှ ယခုတင်သွင်းရောက်ရှိလာသော ဘေးတံခါးမှန်အနက်ရောင် ပါကားများကို ဒဏ်ငွေချမှတ်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်ခြင်း ရှိ၊ မရှိ။ (၃) ယနေ့လမ်းမပေါ်တွင် ရှိနေသော ဘေးတံခါးအနက်ရောင်ပါကားများအားလုံးကို တစ်ပြေးညီ ဒဏ်ငွေချမှတ်ခြင်းရှိ၊ မရှိနှင့် (၄) ကားအားလုံးကို ဒဏ်ငွေချမှတ်ခြင်းမပြုဘဲ ခွင့်ပြုပေးရန် အစီအစဉ် ရှိမရှိ သိရှိလိုပါကြောင်း လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**သူရဦးသောင်းလွင်(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ဆန်း၏မေးမြန်းချက်ကို ကျွန်တော် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး

သူရဦးသောင်းလွင်မှ ဖြေကြားတင်ပြမှာဖြစ်ပါတယ်။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေနဲ့ ပြည်ပမှတင်သွင်းလာတဲ့ယာဉ်များကို ကနဦးမှတ်ပုံတင်အတွက်စစ်ဆေးတဲ့အခါမှာ Colour မှန် (မှန်အနက်အပါအဝင်)ကို Tint Meter ဆိုတဲ့ အရောင်တင်ထားတဲ့ အတိုင်းအတာကို တိုင်းတာတဲ့စနစ်နဲ့ တိုင်းတာပါတယ်။ အဲဒီလို တိုင်းတာပြီး ဖောက်ထွင်းမြင်နိုင်စွမ်း ၆၀ ရာခိုင်နှုန်းနှင့်အထက်ရှိတဲ့မှန်ကို ခွင့်ပြုပါတယ်။ ဖောက်ထွင်းမြင်နိုင်စွမ်း သုညကနေ ၅၉ အထိရှိတဲ့ မှန်များကိုခွင့်မပြုပါဘူး။ ဒီကိစ္စကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကိုလည်း အသိပေးထားပြီး ယာဉ်တင်သွင်းသူများသိရှိလိုက်နာစေရေးဆောင်ရွက်ပေးပါရန် ညှိနှိုင်းအကြောင်းကြားထားပြီးဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်း၏မေးမြန်းချက်အပိုဒ် (၁) အရ Colour မှန်(မှန်အနက်အပါအဝင်)များ တပ်ဆင်ခြင်းအားဖြင့် မြင်ကွင်းမသဲကွဲခြင်း၊ အထူးသဖြင့်ညဘက်တွင် ယာဉ်အန္တရာယ်ဖြစ်နိုင်ခြင်း၊ Colour မှန်ကိုအကာအကွယ်ယူ၍ ယာဉ်အတွင်းတွင် ရာဇဝတ်မှုကျူးလွန်နိုင်ခြင်းစသည်တို့ကြောင့် ယခုကဲ့သို့ ကန့်သတ်ရခြင်းဖြစ်ပါတယ်။ ထို့အပြင် နိုင်ငံအသီးသီးကို လေ့လာမယ်ဆိုရင်လည်း မော်တော်ယာဉ်များထုတ်လုပ်ရာတွင် Road Safety ကို ထိခိုက်နိုင်တဲ့ ဖောက်ထွင်းမြင်နိုင်စွမ်း ၆၀ ရာခိုင်နှုန်းအောက်မှန်များကို အခြားနိုင်ငံများမှာလည်း ပြုလုပ်တပ်ဆင် ခြင်းမရှိကြောင်း နိုင်ငံအလိုက် ထုတ်ပြန်ထားတဲ့ ပြဋ္ဌာန်းချက်များအရ သိရှိရပါတယ်။ ဥပမာ ဗြိတိန်နိုင်ငံမှာဆိုရင် ရှေ့လေကာမှန်ဆိုရင် ဖောက်ထွင်းမြင်နိုင်စွမ်းအား ၇၅ ရာခိုင်နှုန်းရှိဖို့ သတ်မှတ်ထားပါတယ်။ အလားတူ ရှေ့ယာဉ်မောင်းဘေးမှန်ကိုလည်း ဖောက်ထွင်းမြင်နိုင်စွမ်းအား ၇၀ ရာခိုင်နှုန်းရှိရမယ်ဆိုပြီး သတ်မှတ်ထားပါတယ်။ ဂျပန်နိုင်ငံမှာဆိုရင် ယာဉ်မောင်းရဲ့ ဘေးကမှန်နှင့် ခရီးသည်ဘေးကမှန်ကို ဖောက်ထွင်းမြင်နိုင်စွမ်း အား ၁၀၀ ရာခိုင်နှုန်းအပြည့်ရှိရန် သတ်မှတ်ထားပါတယ်။ သို့သော်လည်း စက်ရုံပြင်ပမှာ နိုင်ငံခြားမှ ယာဉ်ပိုင်ရှင်တွေက ၎င်းတို့ အစီအစဉ်နဲ့ စတစ်ကာတွေ တပ်တာတွေ၊ အထူးမှာကြားပြီးတော့ ဖောက်ထွင်းမြင်နိုင်စွမ်း နည်းပါးတဲ့ မှန်နက်များကို တပ်ဆင်ခြင်းများပြုလုပ်ကြောင်း သိရှိရပါတယ်။ နိုင်ငံခြားမှ တင်သွင်းလာတဲ့ ဘေးတံခါးမှန်အနက် ဖောက်ထွင်းမြင်နိုင်စွမ်း ၆၀ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်းအထိ ကားများကို ကညနအနေနဲ့ ဒဏ်ကြေးကောက်ခံခြင်း မရှိပါဘူး။ အလားတူပဲ ဖောက်ထွင်းမြင်နိုင်စွမ်းအား သုညကနေ ၅၉ အထိ ယာဉ်များကိုလည်း ဒဏ်ကြေးပေးပြီးတော့ ခွင့်ပြုထားခြင်းမရှိပါဘူး။ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် မဖြစ်စေရေး ဆောင်ရွက်တဲ့အခါမှာ အဖွဲ့အစည်း နှစ်မျိုးနှစ်စားဖြင့် ဆောင်ရွက်ပါတယ်။ ပထမအဖွဲ့အစည်းကတော့ ယာဉ်စည်းကမ်းချမှတ်တဲ့ Regulator ဖြစ်ပါတယ်။ ဒုတိယအဖွဲ့အစည်းကတော့ ယာဉ်စည်းကမ်း Regulation ကို လိုက်နာမှုရှိ၊ မရှိ စစ်ဆေး

ကြပ်မတ်တဲ့ Law Infroser  ဟူ၍ နှစ်မျိုးနှစ်စားရှိပါတယ်။ ကညနသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအတွက် စည်းကမ်းများကို ချမှတ်ပေးတဲ့ Regulator ပဲ ဖြစ်ပါတယ်။ ယာဉ်စည်းကမ်း လိုက်နာမှုရှိ၊ မရှိ စစ်ဆေးကြပ်မတ်တဲ့အဖွဲ့တွေကတော့ ဒေသအာဏာပိုင်အဖွဲ့နှင့် ရဲတပ်ဖွဲ့တို့ပဲ ဖြစ်ပါတယ်။ ယခုကိစ္စမှာ ကညနသည် ယာဉ်စည်းကမ်းချမှတ်ခြင်းအပိုင်းမှာသာ ပါဝင်ပါတယ်။ ယာဉ်စည်းကမ်းကို လိုက်နာမှု ရှိ၊ မရှိ ချမှတ်မှုအပိုင်းက ဒေသအာဏာပိုင်များနှင့် ရဲတပ်ဖွဲ့များကသာ ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

## ဦးသိန်းလွင်၊ ချောက်မဲဆန္ဒနယ်၏ မြန်မာနိုင်ငံ၏စွမ်းအင်ကဏ္ဍကို ပိုမိုထိရောက်သည့် ညှိနှိုင်း၊ ကွပ်ကဲ၊ စီမံမှုများ ဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ ဦးသိန်းလွင်၊ ချောက်မဲဆန္ဒနယ် မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍကို ပိုမိုထိရောက်သည့် ညှိနှိုင်း၊ ကွပ်ကဲ၊ စီမံမှုများ ဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုကို ဦးကြည်သာ၊ ဂွမဲဆန္ဒနယ်က စတင်ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးကြည်သာ(ဂွမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ယနေ့အစည်းအဝေးသို့ ကြွရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်ဝကြပါစေ။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ဂွမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချောက်မဲဆန္ဒနယ်မှ ဦးသိန်းလွင်ရဲ့ မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍကို ပိုမိုထိရောက်သည့် ညှိနှိုင်း၊ ကွပ်ကဲ၊ စီမံမှုများ ဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုအား ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Energy လို့ခေါ်တဲ့ စွမ်းအင်ဟာ ၂၁ ရာစု လူနေမှုပုံစံကို လွှမ်းမိုးနေပါတယ်။ စွမ်းအင်ကို ရယူနိုင်မှု၊ သုံးစွဲနိုင်မှုအနေအထားက တိုင်းပြည်တစ်ပြည်ရဲ့ လူ့ဘဝအရည်အသွေး (Quality of Life) ကိုထင်ဟပ်စေပါတယ်။ ဒီနေ့ ကျွန်တော်တို့ စွမ်းအင်ကို ဘယ်လိုသုံးစွဲနေတယ်။ အနာဂတ်မှာ ဘယ်လိုသုံးစွဲသွားမယ်ဆိုတဲ့ ရွေးချယ်မှုဟာ နိုင်ငံရဲ့ အနာဂတ်ကို ပုံဖော်သွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ UNDP အဖွဲ့ကြီးမှ

နိုင်ငံများရဲ့ Quality of Life ကို Human Development Index- HDI ညွှန်းကိန်းများဖြင့် ဖော်ပြလေ့ရှိပါတယ်။ HDI ညွှန်းကိန်းကို တိုင်းပြည်တစ်ပြည်ရဲ့ ကျန်းမာရေးအဆင့်အတန်း၊ ပညာရေးအဆင့်အတန်းနှင့် GDP တို့အပေါ်မှာ မူတည်ပြီးတော့ တွက်ချက်ပါတယ်။ ၂၀၁၁ ခုနှစ် UNDP မှ ထုတ်ပြန်သော ညွှန်းကိန်းများအရ နော်ဝေးနိုင်ငံက HDI ညွှန်းကိန်း ၀.၉၄၃ ဖြင့် ပထမနေရာမှာ ရောက်ရှိပြီး အမေရိကန်ပြည်ထောင်စုက HDI ညွှန်းကိန်း ၀.၉၁၀ ဖြင့် စတုတ္ထနေရာမှာ ရှိပါတယ်။ ပညာရှင်များရဲ့ ဆန်းစစ်ချက်အရ HDI ညွှန်းကိန်းမြင့်မားမှုနှင့် အဲဒီနိုင်ငံက လူတစ်ဦးတစ်နှစ် လျှပ်စစ်သုံးစွဲမှု၊ လူတစ်ဦးစီရဲ့ စွမ်းအင်သုံးစွဲမှု (Per Capital Energy Consumption) တို့ဆက်စပ်မှုနေကြောင်းသိရပါတယ်။ ၂၀၁၁ ခုနှစ်က နော်ဝေးနိုင်ငံရဲ့ လူတစ်ဦးတစ်နှစ် လျှပ်စစ်သုံးစွဲမှုဟာ တစ်နှစ်မှာ ၂၃၅၅၀ ယူနစ်ရှိပြီး အမေရိကန်နိုင်ငံရဲ့ လူတစ်ဦးတစ်နှစ်လျှပ်စစ်သုံးစွဲမှုဟာ ၁၂၅၇၄ ယူနစ်ရှိကြောင်းသိရပါတယ်။ အဆိုရှင်ရဲ့ တင်ပြချက်အရ မြန်မာနိုင်ငံမှာ လူတစ်ဦး တစ်နှစ်လျှပ်စစ်သုံးစွဲမှုဟာ ၁၀၄ ယူနစ်ခန့်သာရှိသေးတဲ့အတွက်ကြောင့် များစွာနည်းပါးနေတာကို တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ စွမ်းအင်အရင်းအမြစ်များ (Energy Resources) အနက် Fossil Fuel ခေါ်တဲ့ ဇီဝရုပ်ကြွင်းလောင်စာထဲမှာ ပါဝင်တဲ့ ကျောက်မီးသွေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့များ ကဏ္ဍကိုအလေးပေးဆွေးနွေးသွားပါမယ်။ အဆိုရှင်ရဲ့ တင်ပြချက်အရ မြန်မာနိုင်ငံမှာ ကျောက်မီးသွေး မက်ထရစ် တန်ချိန် ၇၁၁ သန်းခန့်ရှိကြောင်းသိရပါတယ်။ ကမ္ဘာ့ပေါ်မှာ အမေရိကန်ပြည်ထောင်စုဟာ ကျောက်မီးသွေး အများဆုံးထွက်ရှိပြီး မက်ထရစ်တန်ချိန် ၂၃၇၂၉၅ သန်းရှိပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံကတော့ တတိယအထွက်ဆုံးဖြစ်ပြီး မက်ထရစ်တန်ချိန် ၁၁၀၅၀၀ ခန့်ရှိပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ တစ်နှစ်မှာ ကျောက်မီးသွေးတန်ချိန် ၃၂၄၀ သန်း သုံးစွဲပါတယ်။ ကျောက်မီးသွေးဆိုတဲ့ စွမ်းအင်ဟာ ကမ္ဘာ့ စွမ်းအင်အားလုံးရဲ့ ၂၂.၂ ရာခိုင်နှုန်းနေရာယူထားပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုရဲ့ ၇၉ ရာခိုင်နှုန်းကို ကျောက်မီးသွေးမှ ထုတ်ယူသုံးစွဲကြောင်းသိရပါတယ်။ မြန်မာနိုင်ငံအနေဖြင့် စုစုပေါင်းလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုရဲ့ ၃.၅ ရာခိုင်နှုန်းကိုသာ ကျောက်မီးသွေးမှ ထုတ်လုပ်ပါတယ်။ အဲဒီလိုထုတ်လုပ်တဲ့အတွက်ကြောင့် တစ်နှစ်မှာ ကျောက်မီးသွေးတန်ချိန် ၅ သိန်းခန့်သာထုတ်ယူသုံးစွဲကြောင်းသိရပါတယ်။ မြန်မာနိုင်ငံရဲ့ လျှပ်စစ်ထုတ်လုပ်မှုရဲ့ ၇၆ ရာခိုင်နှုန်းဟာ ရေအားလျှပ်စစ်မှရရှိတဲ့အတွက်ကြောင့် နွေရာသီမှာလျှပ်စစ်ဓာတ်အား မလုံလောက်မှုများဖြစ်ပေါ်ခဲ့ပါတယ်။ ဒါ့ကြောင့် ကျောက်မီးသွေးကို အသုံးပြုပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကို ပိုမိုတိုးချဲ့သင့်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရေနံအကြောင်း ဆက်လက်ဆွေးနွေးရရင် မြန်မာနိုင်ငံရဲ့ ရေနံမြေဆိုပြီး ရေနံချောင်း၊ ချောက်ဒေသဟာ တစ်ချိန်က အလွန်နာမည်ကြီးခဲ့ပါတယ်။ နယ်ချဲ့အင်္ဂလိပ်တွေဟာ မြန်မာနိုင်ငံကို ၁၈၈၅ ခုနှစ်မှာ သိမ်းယူပြီးတဲ့နောက်မှာ ၁၈၈၆ ခုနှစ်မှာလည်း UK မှာ Burmar Oil Company (B.O.C) ဆိုတဲ့ ကုမ္ပဏီကြီးကို တည်ထောင်ပြီး မြန်မာနိုင်ငံက ရေနံများကို အမြောက်အမြား ထုတ်ယူသွားပါတယ်။ ဒီနေ့ British Petroleum (B.P) လို့ခေါ်တဲ့ ကုမ္ပဏီကြီးဟာ ကမ္ဘာ့ပေါ်မှာ စွမ်းအင်ကုမ္ပဏီထဲမှာ တတိယအကြီးဆုံးဖြစ်ပါတယ်။ ဒီကုမ္ပဏီကြီးရဲ့ မူလဇစ်မြစ်ဟာ မြန်မာ့ရေနံမြေမှ ရေနံတွေ ထုတ်ယူသွားတဲ့ B.O.C ကုမ္ပဏီကြီးပဲ ဖြစ်ပါတယ်။ ဒီကုမ္ပဏီကြီး ဒီလောက်ဒီနေ့ ချမ်းသာတာလည်း ကျွန်တော်တို့ နိုင်ငံရဲ့အရင်းအမြစ်တွေကို အရင်းခံတယ်ဆိုရင် မမှားပါဘူး။ ဒီ B.O.C က ရေနံတွေထုတ်ယူသွားတဲ့အတွက်ကြောင့် ဒီနေ့ ကျွန်တော်တို့ဟာ တစ်ရက်ကို ရေနံစည်ပျမ်းမျှ ၁၆၈၈၀ ထုတ်လုပ်နိုင်ပြီး ရေနံထုတ်လုပ်မှုအဆင့်မှာ ၇၄ ပဲရှိပါတယ်။ အမေရိကန်ပြည်ထောင်စုကဆိုရင် တစ်ရက်မှာ ရေနံစိမ်းစည်သန်းပေါင်း ၇.၈ ပြီးတော့ တတိယနေရာယူထားပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံကတော့ တစ်ရက်ကို စည် ၄ သန်းထုတ်ပြီးတော့ ပဥ္စမနေရာမှာ ယူထားပါတယ်။ ၂၀၁၁ ခုနှစ်မှာ တစ်ကမ္ဘာလုံးရဲ့ ထုတ်လုပ်မှုဟာ တစ်ရက်ကိုစည်သန်းပေါင်း ၈၇.၅ သန်းရှိခဲ့ပါတယ်။ ပညာရှင်တချို့ရဲ့ ခန့်မှန်းချက်အရ ကမ္ဘာ့ရေနံထုတ်လုပ်မှုဟာ သက္ကရာဇ် ၂၀၁၀ နှင့် ၂၀၂၀ ကြားမှာ အမြင့်မားဆုံးဖြစ်ပြီး ၂၀၂၀ နောက်ပိုင်းမှာ ရေနံထုတ်လုပ်မှုဟာ တဖြည်းဖြည်း လျော့ကျသွားပြီး သက္ကရာဇ် ၂၁၀၀ နောင်နှစ်ပေါင်း ၉၀ ခန့်မှာ ကမ္ဘာပေါ်မှာ ရေနံနှင့် သဘာဝဓာတ်ငွေ့မရှိသလောက် ကုန်ဆုံးသွားမည်လို့ သိရပါတယ်။ ဒါ့ကြောင့်မို့ ရှားပါးလာတဲ့ ရေနံနှင့်ဓာတ်ငွေ့ကို ဘယ်လိုသုံးစွဲကြမလဲ၊ ဘယ်လိုဖြန့်ဝေသုံးစွဲကြမှာလဲဆိုတဲ့ Energy be Distributed Around the World on Need or Ability to Pay လိုအပ်ချက်အရ ခွဲဝေသုံးစွဲမှာလား။ ဝယ်နိုင်အားအရ သုံးစွဲမှာလားဆိုတဲ့ Issue နှစ်ခု ယနေ့ ကမ္ဘာပေါ်မှာ ဖြစ်ပေါ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လိုအပ်မှုအရသာ သုံးစွဲရမှာဆိုရင် အဆိုရှင် တင်ပြချက်အရ ကျွန်တော်တို့နိုင်ငံမှာ ထွက်ရှိတဲ့ရေနံဟာ လိုအပ်ချက်ရဲ့ ၄၀ ရာခိုင်နှုန်းပဲရှိကြောင်း သိရပါတယ်။ ဒီနှစ်ပိုင်းကို မော်တော်ယာဉ်တွေ သောင်းဂဏန်းချီပြီးတော့ ကျွန်တော်တို့ နိုင်ငံထဲကို ဝင်လာမယ်။ အနာဂတ်မှာလည်းကျွန်တော်တို့ တိုင်းပြည်တိုးတက်ဖို့အတွက် Project တွေ အများကြီးလုပ်မယ်ဆိုရင် ရေနံတွေဟာ အမြောက်အမြား လိုအပ်နေပါတယ်။ ဒီနေရာမှာ အလျဉ်းသင့်လို့ တင်ပြရရင် Sanction ဆိုတဲ့ကိစ္စကြောင့် ကျွန်တော်တို့ စွမ်းအင်ကဏ္ဍက ပိုမိုဆိုးရွားစေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ Sanction

ကြောင့် World Bank (ADB) ဆိုတဲ့ ဘဏ်ကြီးတွေက ချေးငွေမရနိုင်ခဲ့တာ ကြာပါပြီ။ ADB အဖွဲ့ကို နှစ်ပေါင်း ၄၀ ကြာဝင်ခဲ့ပေမယ့် ADB က ချေးငွေမရတာ ၂၅ နှစ်ကျော်ခဲ့ပါပြီ။ ရေနံတူးဖော်ရာမှာ ငွေကုန်ကြေးကျအလွန်များပါတယ်။ ငွေရေးကြေးရေးအခက်အခဲရှိတာမို့ Product Sharing Contract လို့ခေါ်တဲ့ ထုတ်ဝေမှုအပေါ်မှာ ခွဲဝေရရှိတဲ့စနစ်နဲ့ ကုမ္ပဏီကြီးများနှင့် စာချုပ်ချုပ်ရပါတယ်။ အကယ်၍သာ ကျွန်တော်တို့ဟာ ကမ္ဘာ့ဘဏ်တို့ ADB တို့က Loan တွေကို ရရှိပြီးတော့ ရေနံရှာဖွေ ထုတ်လုပ်တဲ့နေရာမှာ ၁၀၀ ရာခိုင်နှုန်းရင်းနှီးပြီးတော့ ရေနံတူးခဲ့ရင် ထွက်လာတဲ့ရေနံ၊ ဓာတ်ငွေ့တွေကို ရာနှုန်းပြည့်ခံစားနိုင်မှာ ဖြစ်တဲ့အတွက်ကြောင့် Sanction ဟာ စွမ်းအင်ကဏ္ဍကို များစွာချိန့်စေတဲ့အကြောင်း တင်ပြချင်ပါတယ်။ ဆက်လက်ပြီး ဝယ်လိုအားကြောင့် ဘယ်လိုသုံးစွဲနေရတယ်ဆိုတာကို အနည်းငယ်ရှင်းပြပါရစေ။ အိမ်နီးချင်း ထိုင်းနိုင်ငံဟာ သဘာဝဓာတ်ငွေ့လိုအပ်ချက်ရဲ့ ၃၀ ရာခိုင်နှုန်းကို ကျွန်တော်တို့နိုင်ငံမှ ဝယ်ယူပါတယ်။ အဲဒီဓာတ်ငွေ့ကိုလည်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်တဲ့နေရာမှာ သုံးမယ်လို့ သိရပါတယ်။ အဆိုရှင်ရဲ့တင်ပြချက်အရ မြန်မာနိုင်ငံမှာ တစ်ရက်ကို ပျမ်းမျှ ဓာတ်ငွေ့ကုဗပေ ၁.၂ ဘီလီယံ ထုတ်လုပ်ပြီး နေ့စဥ် ၁ ဘီလီယံခန့် ပြည်ပသို့ ရောင်းချတယ်ဆိုတဲ့အတွက်ကြောင့် ထုတ်လုပ်မှုရဲ့ ၈၃.၃၃ ရာခိုင်နှုန်းကို ပြည်ပသို့ရောင်းချနေပြီး ပြည်တွင်းအတွက် ၁၆.၆၇ ရာခိုင်နှုန်းပဲသုံးနေတာမို့ ပြည်တွင်းလိုအပ်ချက်ရဲ့ ၄၀ ရာခိုင်နှုန်းကိုပဲ ဖြည့်ပေးနိုင်တာကို သိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမေရိကန်ပြည်ထောင်စုရဲ့ ရေနံထုတ်လုပ်မှုသမိုင်းကို တင်ပြရရင် ၁၉၀၉ ခုနှစ်ကပင် ရေနံစည်တစ်ရက်ကို ၅ သိန်းထုတ်ခဲ့ပါတယ်။ ၁၉၅၀ ခုနှစ်အထိ အမေရိကန်ပြည်ထောင်စုဟာ တစ်ကမ္ဘာလုံးမှာ ရှိတဲ့ ရေနံလိုအပ်ချက်အားလုံးရဲ့ ထက်ဝက်ကျော်ကို ရောင်းချခဲ့ပါတယ်။ ၁၉၇၃ ခုနှစ်နောက်ပိုင်းမှာ ထုတ်လုပ်မှုကို လျှော့ခဲ့တယ်။ ယနေ့ ပြည်တွင်းနိုင်ငံလိုအပ်ချက်ရဲ့ ထက်ဝက်ကျော်ကို နိုင်ငံခြားကတင်သွင်းခဲ့ပြီးတော့ အမေရိကန်ပြည်ထောင်စုရဲ့ ကာကွယ်ရေးနည်းဗျူဟာအနေနဲ့ A Military Capable of Defending Energy Supply Line ဆိုတဲ့ သူ့စွမ်းအင်တွေ ဝယ်ယူဖြန့်ဖြူးတဲ့လမ်းကို ကာကွယ်နိုင်တဲ့ နည်းဗျူဟာကို သုံးစွဲနေတယ်လို့ အချို့က သုံးသပ်ကြပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ကြည့်ရင်လည်း ပဋ္ဌမမြောက်ရေနံအထွက်ဆုံးတိုင်းပြည်ကြီးဖြစ်တဲ့အတွက်ကြောင့် ၁၉၈၅ ခုနှစ်အထိ တစ်နှစ်မှာ ရေနံတန်ချိန် သန်းပေါင်း ၂၀ ခန့်အထိ တရုတ်ပြည်က နိုင်ငံခြားကို တင်ပို့ရောင်းချခဲ့ပါတယ်။ နောက်ပိုင်းမှာ သုံးစွဲမှုများပြားတဲ့အတွက်ကြောင့် တရုတ်ပြည်က နိုင်ငံခြားကိုမရောင်းခဲ့ပါဘူး။ ၂၀၁၀ ခုနှစ်မှာ တရုတ်ပြည်အနေနှင့် ပြည်တွင်း

တန်ချိန် ၄၅၅ သန်း သုံးစွဲခဲ့တဲ့အနက် တန်ချိန် သန်း၂၀၀ ကိုနိုင်ငံခြားမှ တင်သွင်းခဲ့တယ်။ မြန်မာပြည်က ကျောက်ဖြူရေနက်ဆိပ်ကမ်းကို အသုံးပြုပြီးတော့ ဓာတ်ငွေ့ပိုက်လိုင်းတွေ၊ ရေနံစိမ်းပိုက်လိုင်းတွေကို ဆက်သွယ်နေတာကြည့်ခြင်းအားဖြင့် တရုတ်ပြည်ဟာ စွမ်းအင်ကဏ္ဍမှာ သူရဲ့ ရေနံထွက်ရှိမှုကို ထိန်းချုပ်ပြီး နိုင်ငံခြားကပိုမိုပြီးဝယ်ယူရန် အစီအစဉ်များပြုလုပ်နေကြောင်းကို သိရှိနိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့ တင်ပြချက်အရ မြန်မာနိုင်ငံရဲ့ ရေနံအခြေအနေဟာ လက်ရှိအတိုင်း ထုတ်ယူရင်တောင်မှ နောင်အနှစ်၃၀ခန့်အထိပဲ သုံးစွဲနိုင်မယ်လို့ တင်ပြသွားပါတယ်။ နောင်အနှစ် ၃၀ ဆိုတာ ဘာမှမကြာပါဘူး။ နောင် အနှစ် ၃၀ မှာ မြန်မာနိုင်ငံမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့ အရင်းအမြစ်တွေ မရှိသလောက် ကုန်ဆုံးသွားရင် အဲဒီအချိန်မှာ ဝယ်စရာငွေကြေးနေလည်း မပြည့်စုံရင် ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲဆိုတာ စဉ်းစားစရာဖြစ်လာပါတယ်။ ဇူလိုင် ၁၇ ရက်နေ့က အမျိုးသားလွှတ်တော်မှာ ပြည်ထောင်စုဝန်ကြီးမှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှာ ရတနာနှင့် ရဲတံခွန် ဓာတ်ငွေ့လုပ်ကွက်မှ မြန်မာနိုင်ငံအတွက် စုစုပေါင်း အသားတင် အမေရိကန်ဒေါ်လာ သန်း ၂၄၄၀.၀၂ သန်းရရှိပြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသို့ လွှဲပြောင်းခဲ့ကြောင်း သိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောင်အနှစ် ၃၀ ခန့်အကြာမှာ ကုန်ခမ်းသွားနိုင်သော စွမ်းအင်ကဏ္ဍမှ ရရှိသော ဘဏ္ဍာငွေများကို ယနေ့ လက်ခံရရှိပါတယ်။ အနာဂတ်အတွက် သင့်လျော်သော လက်တွေ့ကျသော စွမ်းအင်ဆိုင်ရာ အစီအမံများကို အမြော်အမြင်ရှိရှိ ချမှတ်လုပ်ဆောင်မပေးနိုင်ခဲ့ရင် ကျွန်တော်တို့ဟာ နိုင်ငံတော်အတွက်၊ အနာဂတ် ကျွန်တော်တို့ရဲ့မျိုးဆက်သစ်တွေအတွက် တာဝန်ကျေပါ့မလား ဆိုတာအတွေးကို တွေးစရာ ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ ယနေ့ ကျွန်တော်တို့စွမ်းအင်ကို ဘယ်လိုသုံးစွဲနေတယ်။ အနာဂတ်မှာ ဘယ်လိုနည်းနဲ့သုံးစွဲမယ်ဆိုတဲ့ ရွေးချယ်မှုဟာ ကျွန်တော်တို့ရဲ့ အနာဂတ်ဖြစ်တဲ့အကြောင်း ရှင်းလင်းတင်ပြလိုခြင်း ဖြစ်ပါတယ်။ ဒီတော့ ရှားပါးလာပြီဖြစ်တဲ့ ဇီဝ ရုပ်ကြွင်းလောင်စာတွေကို ဘယ်လို တစ်ကမ္ဘာလုံးမှာ အစားထိုးသုံးစွဲနေတာကို အနည်းငယ်တင်ပြပါရစေ။ မလေးရှားနိုင်ငံမှာ စားအုန်းဆီ အလွန်ထွက်ပါတယ်။ တစ်နှစ်တန်ချိန် ၁၈ သန်းထွက်ပါတယ်။ ဒီစားအုန်းဆီကို Bio-fuel အဖြစ် ပြောင်းလဲသုံးစွဲရန် သုတေသနပြုလုပ်ပြီး၊ စက်ရုံတွေလည်း အဆင်သင့်ပါပဲ။ လိုအပ်တဲ့အချိန်မှာ ပြောင်းလဲသုံးစွဲရန် အရန်အသင့်လို့ ပြောပါတယ်။ ထိုင်းနိုင်ငံဟာ ကြံအလွန်ထွက်ပါတယ်။ ကြံလုပ်ငန်းကရတဲ့ အီသနောက တစ်နှစ်လီတာသန်းပေါင်း ၆၅၅ သန်း ထုတ်လုပ်နိုင်တဲ့ စက်ရုံတွေ တည်ထားတယ်။ ထိုင်းနိုင်ငံက နောက်ငါးနှစ်အတွင်းမှာ မော်တော်ယာဉ်သုံးစွဲမှုရဲ့ ၂၀ ရာခိုင်နှုန်းကို ကြံကထွက်တဲ့ အီသနောမှသုံးမယ်လို့သိရပါတယ်။ ၂၀၁၀ ခုနှစ်မှာ

တစ်ကမ္ဘာလုံးမှာ Bio-fuel အားလုံးပေါင်း ဂါလန် ၂၈ ဘီလီယံ ထုတ်ခဲ့ကြောင်းသိရပါတယ်။ များသောအားဖြင့် ဥရောပနိုင်ငံများက ထုတ်လုပ်တယ်လို့ သိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Bio-fuel ကို မော်တော်ကား၊ ရေယာဉ်၊ လေယာဉ်တို့မှာ အားလုံးစမ်းသပ်သုံးစွဲပြီးဖြစ်ပါတယ်။ ယခုဆက်လက်တင်ပြလိုတာက ကာကွယ်ရေးမှာ ဘယ်လိုစမ်းသပ်နေလဲဆိုတော့ ဇူလိုင် ၁၆ ရက်နေ့က အမေရိကန်လေတပ်က A.10.C. Thunderbort II တိုက်လေယာဉ်မှာ Bio-fuel တစ်ဂါလန်ကို ၅၉ ဒေါ်လာနဲ့ဝယ်ယူပြီး စမ်းသပ်တဲ့အတွက်ကြောင့် စုစုပေါင်းလောင်စာဆီဖိုး အမေရိကန်ဒေါ်လာ ၆၃၉၀၀၀ ကုန်ကျခံခဲ့ကြောင်း မြန်မာ့အလင်းသတင်းစာမှာ ဖတ်ရှုရပါတယ်။ အလားတူပဲ ဇူလိုင် ၁၈ ရက်နေ့မှာတော့ အမေရိကန်မှ နျူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘောကြီး USS Nimitzion ဟာ မူလသုံးစွဲတဲ့ နျူကလီးယားအပြင် Bio-fuel ကိုဖြည့်စွက်ပြီး ဟာဝိုင်ရီကမ်းခြေအလွန်မှာ မိုင် ၁၅၀ ခန့်စမ်းသပ်မောင်းနှင်ခဲ့ကြောင်း သိရပါတယ်။ ဒါဟာ ဘာကိုဆိုလိုလဲဆိုတော့ အနာဂတ်ကို စိုးရိမ်တဲ့အတွက်ကြောင့် ကာကွယ်ရေးလုပ်ငန်းတွေတောင်မှ အစားထိုးစွမ်းအင်ကို သူများနိုင်ငံတွေမှာဝင်၍ လုပ်နေရကြောင်းကို တင်ပြခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ခြံစည်းရိုးကြက်ဆူပင်က Bio-fuel ထုတ်လုပ်မယ့် အစီအမံတွေ တွေ့မြင်ခဲ့ရပေမယ့် ယနေ့အထိ ထင်သာမြင်သာသော ရလဒ်များ ထွက်မလာသေးပါဘူး။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်တင်ပြလိုတာက စွမ်းအင်နဲ့ ပတ်သက်လာရင် ဒီထက်ပိုမိုပြီး အလေးထားဆောင်ရွက်ဖို့ အချိန်ကျပြီဆိုတာပါပဲ။ ယနေ့တောင်တရုတ်ပင်လယ် စပက်တလီကျွန်းစုမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့ရနိုင်တဲ့အတွက်ကြောင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများဖြစ်တဲ့ ဗီယက်နမ်၊ မလေးရှား၊ ဘရူနိုင်း၊ ဖိလစ်ပိုင်တို့ဟာ ယနေ့အထိ အငြင်းပွားဖြေရှင်းမှုဟာ ယနေ့အထိ မရခဲ့ပါဘူး။ ကျွန်တော်တို့နိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ဟာ ရေပြင်မှာ ရေနံထွက်တဲ့ကိစ္စနှင့်ပတ်သက်ပြီးတော့ ရေပြင်ပိုင်နက်ကိစ္စကို နိုင်ငံတကာ ခုံရုံးမှာသွားရောက်ပြီး ဖြေရှင်းခဲ့ရတာတွေလည်း စွမ်းအင်လောင်စာကြောင့်ပါပဲ။ ဒါ့ကြောင့်မို့ ချောက်မဲဆန္ဒနယ်မှ ဦးသိန်းလွင်ရဲ့ မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍပိုမိုထိရောက်သည့် ညှိနှိုင်း၊ ကွပ်ကဲ၊ စီမံမှုများပြုလုပ်ရန် ပြည်ထောင်စုအစိုးရသို့တိုက်တွန်းကြောင်းအဆိုအား အလေးအနက်ထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဖြူးမဲဆန္ဒနယ်မှ ဦးညွန့်လှိုင်ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးညွန့်လှိုင်(ဖြူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကျန်းမာ၊ ချမ်းသာပါစေလို့ မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်လှိုင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင်တင်သွင်းသော မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍကို ပိုမို ထိရောက်သည့် ညှိနှိုင်း၊ ကွပ်ကဲ၊ စီမံမှုများဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်း ပါကြောင်းအဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ဆွေးနွေးချက်ကို ဖတ်ကြားတင်ပြခွင့်ပြုပါရန် လေးစားစွာဖြင့်တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ ခင်ဗျား။ စွမ်းအင်ကဏ္ဍမှာ စွမ်းအင်အရင်းအမြစ်ကို အုပ်စု ၂ စုခွဲခြားသတ်မှတ်ထားပါတယ်။ (၁) နေ့စဉ် တူးဖော်၍ သုံးစွဲရင် ကုန်ခမ်းသွားမည့် မြေအောက်မှရသော ရုပ်ကြွင်းလောင်စာစွမ်းအင် (Deposit Energy) ဖြစ်တဲ့ ရေနံဓာတ်ငွေ့၊ ကျောက်မီးသွေးအုပ်စုနှင့် (၂) သုံးစွဲရင်းပြန်လည် ဖြည့်ဆည်းလို့ရသည့် Remonable Energy အုပ်စုဖြစ်တဲ့ လယ်ယာထွက်ကုန် ဘေးထွက်ပစ္စည်းများ ဇီဝဓာတ်ဒြပ်ထု (Bio Mass) ရေစွမ်းအင် (Hydro Power)၊ နေစွမ်းအင် (Solar Power) နှင့် လေစွမ်းအင် (Wind Power) တို့ဖြစ်ကြပါတယ်။ ရေနံဓာတ်ငွေ့၊ ကျောက်မီးသွေးတို့အား သူတို့ ဖြစ်ပေါ်ဖို့ နှစ်ပေါင်းသန်းချီကြာမြင့် တဲ့တိုင်းပြည်ရဲ့ အဖိုးတန်ရတနာတွေဖြစ်ပါတယ်။ တဖြည်းဖြည်း သုံးစွဲရင်း ကုန်ခမ်းသွားသည့်စွမ်းအင် (Non Remonable Energy) ဖြစ်တဲ့အတွက် စနစ်တကျ အကျိုးရှိစွာ ကုန်ချောအဆင့်အထိ ခွဲခြမ်းစိတ်ဖြာ နည်းပညာအသုံးပြု၍ ထုတ်လုပ်သုံးစွဲရမှာဖြစ်ပါ တယ်။ ရေနံဓာတ်ငွေ့၊ ကျောက်မီးသွေးတို့မှ လောင်စာ Fuel အဖြစ် Hydro Carbon ကွန်ပေါင်း ကာဗွန်နဲ့ဟိုက်ဒရိုဂျင်တို့နှင့်အပြင် နိုက်ထရိုဂျင်ဓာတ်ပေါင်းများ ပါဝင်မှုမြင့်မားပါတယ်။ ယင်း နိုက်ထရိုဂျင် ဓာတ်ပေါင်းများသည် လောင်စာ Fuel များမဟုတ်ကြပါဘူး။ နိုက်ထရိုဂျင် ဓာတ်ပေါင်း များပါဝင်ခြင်းအားဖြင့် Hydro Carbon ဓာတ်ပေါင်းရဲ့ အပူစွမ်းအင် (Heat Energy) ကို လျော့ကျ စေပါတယ်။ သို့ရာတွင် နိုက်ထရိုဂျင်ဓာတ်ပေါင်းကို သီးသန့်ဓာတ်ခွဲထုတ်လုပ်၍ Urea ပုလဲမြေဩဇာ အဖြစ် စိုက်ပျိုးရေးလုပ်ငန်းများမှာ အကျိုးရှိစွာအသုံးချနိုင်ပါတယ်။ ယနေ့ Urea မြေဩဇာတွေ နိုင်ငံခြားမှသွင်းယူနေရ၍ နိုင်ငံခြားငွေတွေ ကုန်ကျနေတာတွေ့ရှိရပါတယ်။ မီးဖိုချောင်သုံးလောင်စာ

ထင်းမီးသွေးများအစား နိုက်ထရိုဂျင်ဓာတ်ပေါင်းထုတ်ထားတဲ့ Gas မီးဖိုများကို ပြောင်းလဲသုံးစွဲခြင်း အားဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုဖြစ်သော သစ်တောများပြုန်းတီးမှုကိုလည်း ကာကွယ်နိုင်မှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့ဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယစွမ်းအင်အုပ်စုဖြစ်တဲ့ သုံးစွဲရင်းပြန်လည်ဖြည့်ဆည်းလို့ရတဲ့ Remonable Energy အကြောင်းဆွေးနွေးလိုပါတယ်။ ရေအားစွမ်းအင် (Hydro Power)ကို အဓိကအသုံးပြု၍ မြန်မာနိုင်ငံမှာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပါတယ်။ နေစွမ်းအင်၊ လေစွမ်းအင်များကိုတော့ အကြိုရင်းနှီးမြှုပ်နှံမှု (Initial Investment) ကြီးမားတဲ့အတွက် စီးပွားဖြစ်မလုပ်နိုင်သေးပါဘူး။ အနည်းငယ်ပဲအသုံးပြုနိုင်ပါသေးတယ်။ ထို နေစွမ်းအင်၊ လေစွမ်းအင်များကိုလည်း အမြန်ဆုံးစတင်မှသာ ကျွမ်းကျင်မှုနည်းပညာတွေ တဖြည်းဖြည်းတိုးတက်ရရှိပြီး အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးတင်ပြလိုတာက စိုက်ပျိုးရေး၊ မွေးမြူရေး၊ လယ်ယာထွက်ကုန် ဘေးထွက်ပစ္စည်းများမှရသော ဇီဝဒြပ်ထုစွမ်းအင် (Bio Mass Energy) ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးအခြေခံနိုင်ငံဖြစ်ပါတယ်။ စိုက်ပျိုးရေးဘေးထွက်ကုန်ပစ္စည်းများဖြစ်သော စပါးခွံများ၊ ရိုးပြတ်များ၊ မြေပဲခွံများ၊ ပြောင်းဖူးရိုးများ၊ ဂုန်လျှော်ရိုးများ၊ ပဲစင်းငုံရိုးများ၊ နေကြာရိုးများ၊ နွားချေး၊ ကျွဲချေး၊ ဝက်ချေး၊ ကြက်ချေးများမှ စွမ်းအင်ထုတ်ယူသုံးစွဲရေးဖြစ်ပါတယ်။ ဆန်စပါးအဓိကစိုက်ပျိုးတဲ့နိုင်ငံဖြစ်တဲ့အတွက် စပါးခွံတွေ ပေါပေါများများ ရရှိပါတယ်။ ထို့အပြင် စည်ပင်သာယာရေးမှ စွန့်ပစ်တဲ့အမှိုက်များ မြူနီစပယ် Organic Waste များလည်း ပါပါတယ်။ ယင်းဇီဝဒြပ်ထုများမှရသော စွမ်းအင်ဟာ ရေနံဓာတ်ငွေ့၊ ကျောက်မီးသွေးမှ ရသော Carbon အခြေပြုလောင်စာ Hydro Carbon ဓာတ်ပေါင်း ကာဗွန်နှင့် ဟိုက်ဒရိုဂျင်ဖြစ်တဲ့အတွက် လောင်စာပုံစံ အတူတူပဲဖြစ်ပါတယ်။ မြေအောက်မှရသော Mineral Fuel နှင့် ဇီဝဒြပ်ထုမှရသော Bio Fuel နာမည်ပဲ ကွာခြားပါတယ်။ ဓာတ်ဂုဏ်သတ္တိများအားလုံး တူညီကြပါတယ်။ သို့ရာတွင် အလေးချိန် တစ်ယူနစ်ပေါ်မှရရှိတဲ့ Heating Calory ကတော့ ရေနံဓာတ်ငွေ့၊ ကျောက်မီးသွေးတို့ကမြင့်မားတဲ့အတွက် ကြီးမားတဲ့ဓာတ်အားပေးစက်ရုံကြီးတွေ တည်ဆောက်နိုင်ပြီး ဇီဝဒြပ်ထုစွမ်းအင်အနေဖြင့် အလတ်စား၊ အငယ်စားဓာတ်အားပေးစက်ရုံများသာ တည်ဆောက်နိုင်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ ကျေးရွာပေါင်း ၆၄၃၄၆ ရွာရှိရာမှာ ယခု ၃၁၅၁

ရွာလျှပ်စစ်မီးရရှိပြီးဖြစ်ပါတယ်။ ဇဟိုလျှပ်စစ်ဓာတ်အားကွန်ယက်စနစ်မှ အချိန်တစ်ခုအထိ စောင့်ပြီးမှသာ လုံလောက်စွာဖြန့်ဝေနိုင်မှာဖြစ်ပါတယ်။ ယခု တချို့မြို့နယ်တွေကို ဒီဇယ်ဆီသုံး Generator များဖြင့် လျှပ်စစ်ဓာတ်အားပေးရ၍ ဒီဇယ်ဆီဖိုးကုန်ကျစရိတ်ကြီးမားပါတယ်။ ဇီဝဒြပ်ထုလောင်စာ စွမ်းအင်သီးသန့်အသုံးပြုရေး Pure Gas System Generator များကိုလည်ပတ်ပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ပါတယ်။ ထို့ပြင် ဇီဝဒြပ်ထုလောင်စာ ဓာတ်ငွေ့နှင့် ဒီဇယ်ဆီရောစပ်ပြီး စက်လည်ပါက ဒီဇယ်ဆီ ၂၀ ရာခိုင်နှုန်းပဲသုံးရတဲ့အတွက်ကြောင့် ၈၀ ရာခိုင်နှုန်းသက်သာမှာဖြစ်ပါတယ်။ ဒီဇီဝဒြပ်ထုစွမ်းအင်ကို Basification နည်းပညာဖြင့်ထုတ်လုပ်ပါတယ်။ ယင်းနည်းပညာဖြင့် ကုန်ကျစရိတ်သက်သာစွာ လျှပ်စစ်မီးမရသေးသော ကျေးရွာတွေ၊ လျှပ်စစ်မီးလုံလောက်မှုမရှိသော မြို့တွေမှာ လျှပ်စစ်မီးပေးခြင်းဖြင့် စက်ရုံအလုပ်ရုံများလည်ပတ်ခြင်းတို့ကို တစ်နိုင်တစ်ပိုင်မှ တစ်ရွာလုံး၊ တစ်မြို့လုံးအတွက်ဆောင်ရွက်နိုင်ပါတယ်။ ဇီဝဒြပ်ထုများကိုအပူပေးလောင်ကျွမ်းစေခြင်း နည်းပညာဖြင့် Methane Ethane ဓာတ်ငွေ့တွေကို ထုတ်ယူရရှိပါတယ်။ သူနဲ့အတူပါလာတဲ့ မလိုလားအပ်တဲ့ နိုက်ထရိုဂျင်၊ ကာဗွန်ဒိုင်အောက်ဆိုဒ်၊ ဆာဖာဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့များကို သန့်စင်ဖယ်ရှားပြီး သန့်စင်တဲ့ Methane, Ethane ဓာတ်ငွေ့တို့ဖြင့် အင်ဂျင်ကိုလည်ပတ်စေပြီး စွမ်းအင် လျှပ်စစ်ဓာတ်အားရရှိစေပါတယ်။ ဓာတ်ငွေ့လောင်စာဖြစ်တဲ့အတွက် လေထုညစ်ညမ်းမှု သက်သာပြီး အင်ဂျင်သက်တမ်းရှည်စေပါတယ်။ ဘေးထွက်ပစ္စည်းများအနေဖြင့် နိုက်ထရိုဂျင် ဓာတ်ပေါင်းပါဝင်မှုမြင့်မားသော Urea ပျော်ရည် Amonical Solution နှင့် ပြာများကို မြေသြဇာ အဖြစ်လည်းကောင်း၊ ကတ္တရာများကို ကျေးလက်ကျေးရွာများမှ လမ်းခင်းရာမှာလည်းကောင်း အသုံးပြုလို့ရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်တဲ့အတွက် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ဖို့ အထူးလိုအပ်ပါတယ်။ လွယ်ကူသောနည်းပညာတစ်ခုဖြစ်တဲ့ လယ်ယာဘေးထွက် ကုန်ကြမ်းပစ္စည်း ဇီဝဒြပ်ထုစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားထုပ်လုပ်မှုနည်းပညာဟာ လောင်စာအတွက် ကုန်ကျစရိတ်သက်သာခြင်း သို့မဟုတ် ကုန်ကျစရိတ်မရှိခြင်း၊ ကျေးရွာများတွင် မိမိကိုယ်တိုင် ထုတ်လုပ်နိုင်သော ကိုယ်ပိုင်စွမ်းအင်ဖြစ်ခြင်းကြောင့် အမှီအခိုကင်းခြင်း၊ ကျေးလက်ဒေသများ လူမှုရေး၊ ပညာရေးတိုးတက်မြင့်မားလာစေခြင်း၊ ကျေးရွာရှိ စက်ရုံအလုပ်ရုံများပုံမှန်လည်ပတ်စေနိုင်ခြင်း၊ ကျေးရွာတစ်ရွာထုတ်ကုန်တစ်ခု လုပ်ကိုင်စေနိုင်ခြင်း၊ လူငယ်များ စက်မှုလက်မှုနည်းပညာ

အတွေ့အကြုံ (Technical Experience Initiative) တိုးတက်ရရှိစေနိုင်ခြင်း၊ ထင်းအစားထိုးလောင်စာဖြစ်၍ ဒီရေတောများပြုန်းတီးမှု၊ သစ်တောပြုန်းတီးမှုမှကာကွယ်ပေးခြင်း၊ ကျေးလက်ဒေသများဆင်းရဲမှုလျှော့ချနိုင်ခြင်းစသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှု အကျိုးကျေးဇူး (Real Development Advantage) များကို ရရှိစေမှာဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စု၊ ဘရာဇီး၊ ဂျာမနီနှင့် အိမ်နီးချင်း အိန္ဒိယနိုင်ငံတို့မှ ဇီဝဒြပ်ထုစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို အောင်မြင်စွာ ထုတ်လုပ်အသုံးပြုလျက်ရှိကြောင်း သိရှိရပါတယ်။ နည်းပညာကောလိပ်နှင့် တက္ကသိုလ်များမှာလည်း ဘာသာရပ်တစ်ခုအနေဖြင့် သင်ကြားပေးလျက်ရှိပါတယ်။ ထို့ကြောင့် ဇီဝဒြပ်ထုစွမ်းအင် (Bio Mass Energy) ဟာ ကျွန်တော်တို့နိုင်ငံအတွက် အလားအလာကောင်းသော စွမ်းအင်၊ မကုန်ခမ်းနိုင်သည့် စွမ်းအင်အရင်းအမြစ်တစ်ခုဖြစ်ကြောင်း တင်ပြရခြင်းဖြစ်ပါတယ်။ နည်းပညာကလည်း လွယ်ကူတဲ့နည်းပညာ Appropriate Technology For Poetical Energy ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ချောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင်တင်သွင်းသော မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍကို ပိုမိုထိရောက်သည့် ညှိနှိုင်း၊ ကွပ်ကဲ၊ စီမံမှုများဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းပါကြောင်းအဆိုကို အကြံပြုထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအေးမောက်(မလှိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါလို့ ကျွန်တော်နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ အခုဆွေးနွေးသွားတဲ့အပိုင်းမှာ ရှေ့ပိုင်းကအဆိုရှင်ကိုယ်တိုင်ရော၊ ထောက်ခံဆွေးနွေးတဲ့ပုဂ္ဂိုလ် ၂ ဦးကရော၊ နည်းပညာပိုင်းဆိုင်ရာနှင့်ပတ်သက်လို့ရော၊ ကိန်းဂဏန်းအချက်အလက်များနှင့် ပတ်သက်လို့ရော အသေးစိတ်အထောက်အထားများနှင့်တကွ ယနေ့ကမ္ဘာမှာဖြစ်နေတဲ့အခြေအနေအပါအဝင် ဆွေးနွေးတင်ပြသွားပြီးဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ဆွေးနွေးမှာကတော့ မူဝါဒပိုင်းနှင့်ပတ်သက်လို့ဖြည့်စွက်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဦးသိန်းလွင်အဆိုတင်သွင်းခဲ့တဲ့ မြန်မာနိုင်ငံရဲ့စွမ်းအင်ကဏ္ဍပိုမိုထိရောက်သည့် ညှိနှိုင်း၊ကွပ်ကဲ၊စီမံမှုဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရကိုတိုက်တွန်းကြောင်းအဆိုနှင့်ပတ်သက်လို့ ဒီအဆိုကိုလည်း ဦးသိန်းလွင်က မေလကုန်ခါနီး မေလထဲမှာ တင်သွင်းတယ်လို့သိရပါတယ်။ အဲ့ဒီနောက်ပိုင်းမှာ ဇွန်လထဲမှာ နိုင်ငံတော်သမ္မတကြီးကနေပြီးတော့ သက်ဆိုင်ရာပြည်ထောင်စုအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့်တွေ့တဲ့အခါမှာလည်း

ဒီကိစ္စလေးကို ဆွေးနွေးထားတာတွေ့ရပါတယ်။ ကျွန်တော်တို့ အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီဆိုတာဖွဲ့ပြီးတော့ ရေတိုရေရှည်အစီအမံများအတွက် အမျိုးသားလျှပ်စစ်စီမံကိန်းများ၊ အမျိုးသားစွမ်းအင်ကဏ္ဍနှင့်ပတ်သက်လို့ အားလုံးကို အမျိုးသားစွမ်းအင်မူဝါဒများနှင့်အညီ ရေးဆွဲသွားဖို့ဆိုပြီးတော့ဆွေးနွေးသွားတာကိုလည်း ကျွန်တော်တို့မှတ်သားလိုက်ရပါတယ်။ ဒီမှာတင်ပဲ သမ္မတကြီးကနေပြီးတော့ ရင်းနှီးမြှုပ်နှံမှုများလုပ်တဲ့အခါမှာ ကျွန်တော်တို့ လိုက်နာဆောင်ရွက်သင့်တဲ့အချက်ကလေးကိုလည်း ထောက်ပြသွားပါတယ်။ ဒါဘာလဲဆိုတော့ မိမိနိုင်ငံနှင့် လူမျိုးအကျိုးစီးပွားမထိခိုက်ရေး၊ နိုင်ငံဂုဏ်သိက္ခာမထိခိုက်ရေး၊ နိုင်ငံ၏အချုပ်အခြာအာဏာမထိခိုက်ရေး၊ သဘာဝပတ်ဝန်းကျင်မထိခိုက်ရေးနှင့် သဘာဝသယံဇာတများ နောက်သားစဉ်မြေးဆက်ထိသုံးစွဲနိုင်ရေးတို့ကို အလေးထားပြီးတော့ပြောကြားသွားတာကိုတွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ စွမ်းအင်ကဏ္ဍနှင့်ပတ်သက်လို့ ညှိနှိုင်း၊ကွပ်ကဲ၊စီမံမှုဆောင်ရွက်တဲ့နေရာမှာ ဒီမူဝါဒတွေကိုအခြေခံပြီးတော့ ဆောင်ရွက်သင့်ပါတယ်။ ပြီးခဲ့တဲ့ကိစ္စတွေကတော့ပြီးပါပြီ။ ရှေ့ဆက်လုပ်မယ့်ကိစ္စတွေမှာ သမ္မတကြီးဆွေးနွေးသွားတဲ့မူဝါဒတွေကိုမှတ်သားလိုက်နာဖြည့်စွက်ပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒီနေ့ကျွန်တော်တို့ စွမ်းအင်ကဏ္ဍမှာပဲဖြစ်ဖြစ် လျှပ်စစ်ကဏ္ဍမှာပဲဖြစ်ဖြစ် ကြည့်လိုက်လို့ရှိရင်တွေ့နေရတာက နိုင်ငံခြားကုမ္ပဏီကြီးများနှင့် စာချုပ်ချုပ်ဆိုဆောင်ရွက်တယ်။ ဆောင်ရွက်တဲ့နေရာမှာ နိုင်ငံခြားကုမ္ပဏီကြီးများကနေပြီးတော့ အစောင့်၊ ထမင်းချက်ကနေပြီးတော့ CEO Level အထိက အားလုံးနီးပါးသူတို့ဆီက အလုပ်သမားတွေခေါ်လာတာ အများဆုံးတွေ့နေရပါတယ်။ အဲ့ဒါကြောင့်ကျွန်တော်တို့နိုင်ငံက အလုပ်သမားတွေ၊ ပညာရှင်များ ဒါတွေဟာ အလုပ်ရသင့်ရထိုက်သော်လည်းပဲမရဘဲနဲ့ ကျွမ်းကျင်သူများအတွက် ဒါဟာ ဟာကွက်တစ်ခုဖြစ်နေတယ်ဆိုတာတွေ့ရပါတယ်။ ဒါကြောင့်ဒါမျိုးတွေဟာ သက်ဆိုင်ရာစာချုပ်စာတမ်းများမှာပါဝင်သင့်လား။ ကြီးကြပ်တဲ့နေရာမှာရောလိုနေတာလား။ ကျွန်တော်တို့ပေါ်လစီပဲလိုနေလို့လားဆိုတာကို ဒါတွေစိစစ်ပြီးတော့ စွမ်းအင်ကဏ္ဍဆောင်ရွက်တဲ့နေရာမှာ ညှိနှိုင်း၊ကွပ်ကဲ၊စီမံမှုများမှာဆောင်ရွက်သင့်ပါတယ်။ နောက်တစ်ချက် သမ္မတကြီးပြောသွားသလိုပဲ ကျွန်တော်တို့နိုင်ငံရဲ့ အချုပ်အခြာအာဏာ ဒီအချုပ်အခြာအာဏာနှင့်ပတ်သက်လို့ကျွန်တော်တို့ တင်ပြချင်တာက ဒီနေ့သက်ဆိုင်ရာ ကုမ္ပဏီကြီးများက ပိုက်လိုင်းများဆွဲပါတယ်။ ပိုက်လိုင်းများဆွဲတဲ့အခါမှာ ပိုက်လိုင်းတွေရဲ့ ဧရိယာတစ်ဝိုက်ဟာ မှန်ချင်လည်းမှန်မယ်။ အခုကျွန်တော်တို့ကြားနေရတာတော့ တချို့နေရာလေးတွေမှာလုပ်ချင်သလိုလုပ်ပြီးတော့ ပြည်သူလူထုမှာအနည်းနှင့်အများဒုက္ခရောက်တယ်လို့ ကြားသိနေရပါတယ်။ ဒါတွေ လုပ်ကိုင်တာဟာလည်းပဲ

မူလပြောတဲ့စာချုပ်စာတမ်း၊ စည်းကမ်းချက်တွေမှာမပါလို့ပဲလားလို့ တွေးရမလိုဖြစ်ပါတယ်။ ဥပမာ ဒီနေ့ ထားဝယ်၊ ကန်ဘောက်၊ ရေဖြူပိုက်လိုင်းဟာဆိုလို့ရှိရင် ပိုက်လိုင်းကြီးကဆွဲပြီးပါပြီ။ ပိုက်လိုင်း စောင့်ရှောက်ဖို့ဆိုပြီးတော့ ကျွန်တော်တို့လမ်းလည်း လုပ်ထားပါတယ်။ ဒီလမ်းကိုမှ ကျွန်တော်တို့ လုံခြုံရေးအဖွဲ့အစည်းများ သွားလာခွင့်မရဘူးလိုသိရတဲ့အတွက် ဒီလမ်းသာ ပြည်သူလူထုရော၊ လုံခြုံရေးအဖွဲ့ရောသွားလာခွင့်ရတယ်ဆိုရင် ကျွန်တော်တို့အနေနဲ့ အများကြီးအကျိုးရှိမှာဖြစ်သလို ကိုယ့်နိုင်ငံကိုယ့်ပြည်တွင်းမှာရှိတဲ့ လမ်းကို ကိုယ့်ပြည်သူများမသုံးရတာဆိုရင် ဒါ ကျွန်တော်တို့ အချုပ်အခြာအာဏာနှင့်ပတ်သက်တယ်လို့ထင်ပါတယ်။ နောင်လာမယ့် စွမ်းအင်ကဏ္ဍအသီးသီး ဆောင်ရွက်တဲ့အခါမှာ ဒါမျိုးတွေကိုဖြည့်စွက်ပြီးတော့ စဉ်းစားပေးဖို့လိုမယ်လို့ ကျွန်တော်တင်ပြအပ်ပါ တယ်။ ဒါတွေဟာ ဘာလို့လဲဆိုတော့ ကျွန်တော်တို့အနေနဲ့ ဆွေးနွေးတာဟာ မိကျောင်းမင်းရေကင်း ပြတာလည်းမဟုတ်ပါဘူး။ ကျွန်တော်တို့အနေနဲ့ပညာရှိသတိဖြစ်ခဲဆိုသလို သက်ဆိုင်ရာဌာနကြီးများ ဖြစ်သွားမှာစိုးလို့ ဒီမှာကြုံတုန်းလေးတင်ပြတဲ့သဘောဆိုတာ နားလည်စေချင်ပါတယ်။ နောက် ပိုက်လိုင်းချတဲ့လုပ်ငန်းတွေမှာ ပိုက်ချ၊ မြေတူး၊ မြေဖော်၊ လမ်းတွေပျက် ဒါတွေက ပြည်သူတွေ ခံစားနေရတာပါ။ ဒါဟာ ဘာကြောင့်လဲဆိုတော့ ကိုယ်ရေးဆွဲခဲ့တဲ့ဥပဒေတွေ၊ စာချုပ်တွေမှာ လျော့နည်းနေလို့လား။ ကျွန်တော်တို့ စိစစ်ရမည့်တာဝန်မရှိလို့လား။ မစိစစ်ကြလို့လား။ ဒါတွေ ထည့်သွင်းဆောင်ရွက်ရမယ်ဆိုတာမသိလို့လား။ ဒါနှင့်ပတ်သက်လို့ သမ္မတကြီးရဲ့မူနဲ့ကိုက်ညီ၊ မညီကို ပြန်လည်စဉ်းစားသင့်ပါတယ်။ နောက် ဒေသအလိုက်ထွက်ရှိကြတဲ့ ဓာတ်ငွေ့တွေဆိုလို့ရှိရင်လည်းပဲ နိုင်ငံခြားကို ခုနကအဆိုရှင်တင်ပြသွားသလိုပဲ ၁.၂ ဘီလီယံမှာ ၁ ဘီလီယံကျော်ရောင်းပြီးပြီဆိုတော့ ကျွန်တော်တို့အနေနဲ့ ဒေသဖွံ့ဖြိုးရေးအတွက် ဒါလိုအပ်ပါတယ်။ ဒါကြောင့် ကိုယ့်ဒေသမှာ ကိုယ့်ဟာ ကိုယ်သုံးဖို့တော့ချန်ထားသင့်ပါတယ်။ သို့သော်လည်းပဲ ဒီနေ့အချိန်အခါအရ ပြီးခဲ့တဲ့အချိန်အခါ မှာတော့ ဒါ အကြောင်းအရာ၊ အချိန်အခါ၊ အတိုင်းအတာတစ်ခုအရဆောင်ရွက်ဖို့ လိုအပ်ကောင်း လိုအပ်ခဲ့ပါတယ်။ ဒါကြောင့် ဒီနေ့လုပ်နေတဲ့ ဥပမာ ကျောက်ဖြူနှင့်ပတ်သက်လို့ ကျောက်ဖြူက ထွက်တဲ့ ဓာတ်ငွေ့ကိုတရုတ်ပြည်ပို့တဲ့နေရာမှာ ကျောက်ဖြူနေရာမှာတော့ မီးတွေက ထိန်လင်းပြီးတော့ ဒေသမှာဒေသခံလူတွေတော့ မီးမရတာတွေ့ရပါတယ်။ ဒါဟာဘာလဲဆိုတော့ ဒီဓာတ်ငွေ့ကို ကျွန်တော်တို့ အသုံးမပြုနိုင်လို့ပါ။ ဘယ်လိုပဲဖြစ်ဖြစ် ဒီဒေသမှာထွက်တဲ့ဓာတ်ငွေ့ကို ဒီဒေသကလူတွေ အတွက်တော့ အနည်းနှင့်အများတော့ သုံးစွဲပေးသင့်ပါတယ်။ ဒီနေရာမှာ လျှပ်စစ်ဓာတ်အားရ သင့်ပါတယ်။ ဓာတ်ငွေ့သုံးလျှပ်စစ်တာဘိုင်တည်မယ်ဆိုရင် ခဏတာနဲ့ရနိုင်မယ်လို့သိရပါတယ်။ ဒါ

ယခင်ကလည်းပဲ ဒီနေရာကို အဲ့လိုပဲဆောင်ရွက်မယ်လို့ ကျွန်တော်တို့ ကြားသိခဲ့ရပါတယ်။ သို့သော်လည်းပဲ ဒီနေ့တော့ ဟိုးမိုင်အဝေးကြီးကနေပြီးတော့ လျှပ်စစ်ဓာတ်အားလိုင်းဆွဲနေတာတွေဟာ ဒါဖြစ်သင့်လား၊ မဖြစ်သင့်လားဆိုတာကို ဒါမျိုးလေးတွေ စီးပွားရေးတွက်ခြေကိုက်မှုရှိ၊ မရှိဆိုတာလေးတွေ ထည့်သွင်းပြီးတော့တွက်သင့်ပါတယ်။ ဓာတ်ငွေ့ကို ဒီနေ့တူးဖော်ရရှိလို့ရှိရင်ပဲဖြစ်ဖြစ်၊ ဖက်စပ်လုပ်လို့ပဲဖြစ်ဖြစ် မိမိတို့ ပြည်တွင်းပိုလျှံကာမှရောင်းသင့်၊ မရောင်းသင့်ဆိုတာ စဉ်းစားဆောင်ရွက်သင့်ပါတယ်။ ပြည်တွင်းမှာ ယနေ့ဓာတ်ငွေ့မရလို့၊ ဈေးမြင့်လို့စက်ရုံတွေ အခက်အခဲရှိတာ၊ ဓာတ်ငွေ့မရလို့ မော်တော်ယာဉ်တွေအခက်အခဲရှိတာ ဒါတွေကိုလည်းစဉ်းစား ညှိနှိုင်းပြီးတော့ ပေါ်လစီချသင့်ပါတယ်။ ဒီနေ့ သဘာဝဓာတ်ငွေ့သုံးကားတွေ၊ ပြည်တွင်းအနှံ့ အိမ်တွင်းသုံး၊ မီးဖိုသုံးဓာတ်ငွေ့တွေ ဒါတွေရှိနေတာကိုလည်း ဒါတွေကို အပြည့်အဝဆောင်ရွက်ပေးနိုင်ခြင်းမရှိတာကိုတွေ့ရပါတယ်။ ဥပမာ ယနေ့ ကျေးလက်ပြည်သူ ၆၀ ကျော် ၇၀ ရာခိုင်နှုန်းဟာ ထင်းမီးသွေးကိုသုံးနေရတာ ထင်းကိုသုံးနေရတာ ထင်းကိုသုံးရတဲ့အတွက် သဘာဝသယံဇာတနှင့် ပတ်သက်လို့၊ သဘာဝပတ်ဝန်းကျင်နှင့်ပတ်သက်လို့ ပျက်စီးယိုယွင်းလာတာတွေ့ရသလို သစ်တောတွေမှာလည်း တဖြည်းဖြည်းလျော့နည်းလာတာ ဒီနေ့ မြန်မာနိုင်ငံရဲ့သစ်တောဧရိယာရဲ့ ၄၆၊ ၄၇ ရာခိုင်နှုန်းပဲ ကျန်ရှိတာကိုလည်းပဲ ဒီဟာက တစ်စိတ်တစ်ပိုင်းထိရောက်တယ်လို့ သွားတွေ့ရပါတယ်။ လက်ရှိကျေးရွာတွေမှာ ရှေးယခင်ကဆိုရင် သစ်တောစိုက်ခင်း၊ ထင်းစိုက်ခင်းလေးတွေရှိပါတယ်။ ပလပ်မြေ၊ စားကျက်မြေတွေလည်းရှိပါတယ်။ ဒီမြေတွေမှာစိုက်ပြီးတော့ ဒီရွာတွေမှာသုံးကြပါတယ်။ ဒီနေ့ ဒါတွေလည်း မရှိတော့ပါဘူး။ မြေလည်းမရှိသလောက်ဖြစ်သွားပါပြီ။ ဒါဟာ သဘာဝပတ်ဝန်းကျင်ကို အထူးသဖြင့် ထိခိုက်တဲ့ကိစ္စပါ။ ဒါကြောင့် ကျွန်တော်တို့က ကျေးလက်နေပြည်သူများကို ဖြစ်နိုင်လို့ရှိရင် သဘာဝဓာတ်ငွေ့ကနေပြီးတော့ LPG Gas အဖြစ်ပြောင်းပြီးတော့ ပြည်တွင်း အိမ်ထောင်စုပေါင်း ၆၀ ကနေ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများ သုံးနိုင်အောင်လည်း ညှိနှိုင်း၊ကွပ်ကဲဆောင်ရွက်သင့်ပါတယ်။ ဒီနေ့ သဘာဝဓာတ်ငွေ့ကို အများအားဖြင့်သုံးတဲ့နေရာမှာ မိမိတို့ သဘာဝအရင်းအမြစ်အားလုံးကိုကုန်အောင်မသုံးဘဲနဲ့ နောင်သားစဉ်မြေးဆက်အထိ သုံးစွဲနိုင်မယ့် စဉ်ဆက်မပြတ်တိုးတက်မှုကိုဆောင်ရွက်ဖို့ဆိုပြီးတော့ သမ္မတကြီးကလည်းပဲ အထူးဂရုပြုဆောင်ရွက်ပါလို့ ပြောကြားသွားတဲ့မိန့်ခွန်းထဲမှာပါရှိတာမှတ်သားလိုက်ရမိပါတယ်။ ဒီမှာပဲ လျှပ်စစ်ကဏ္ဍနှင့်ပတ်သက်လို့လည်းပဲ ယနေ့ နိုင်ငံတော်အစိုးရလက်ထက်မှာ ၂၀၁၅ ခုနှစ်မှာ မဂ္ဂါဝပ် ၂၀၀၀၀ လောက်ရမယ်ဆိုပြီးတော့ စီမံချက်ဆွဲပြီးတော့ ပြီးခဲ့တဲ့အစိုးရလက်ထက်ကနေပြီးတော့ ဆက်တိုက် ဆောင်ရွက်ခဲ့ပါတယ်။

သို့သော်လည်းပဲ ဒီကနေ့ အဲ့ဒီအခြေအနေမဖြစ်လာပါဘူး။ ၁၉၈၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ရင်းနှီးမြှုပ်နှံမှုမှာကျပ် ၂၈၀၀ ဘီလီယံကျော်၊ ဒေါ်လာ ၆.၇ ဘီလီယံ ရင်းနှီးမြှုပ်နှံခဲ့ပါတယ်။ ဒီလိုရင်းနှီးမြှုပ်နှံခဲ့တဲ့အတွက်လည်း မူလထက်လျှပ်စစ် ၄ ဆခန့်ပိုမိုထုတ်လုပ်သော်လည်း မလုံလောက်တာကိုတွေ့ရမှာဖြစ်ပါတယ်။ သမ္မတကြီးအနေနဲ့ပြောသွားတာကတော့ ၇၅ ရာခိုင်နှုန်းသောပြည်သူတွေ လျှပ်စစ်ဓာတ်အားအပြည့်အဝရဖို့ဆိုရင်မဂ္ဂါဝပ် ၁၇၀၀၀ လောက်လိုမယ်။ ဒီ ၁၇၀၀၀ အတွက်က ရင်းနှီးမြှုပ်နှံမှုကဘီလီယံက ၂၀ လောက်ရှိမယ်ဆိုပြီးတော့ပြောသွားပါတယ်။ တစ်နှစ်ကို ၂ ဘီလီယံနဲ့ သုံးမယ်ဆိုရင် ၁၀ နှစ် လောက်ကြာမယ်လို့လည်း ပြောသွားပါတယ်။ သို့သော် လျှပ်စစ်စွမ်းအင် ကဏ္ဍသည် မြန်မာနိုင်ငံရဲ့ တိုးတက်ရာတိုးတက်ကြောင်းမှာ အဓိကအားဖြင့် ပါဝင်နေတဲ့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက ဒီလျှပ်စစ်ဓာတ်အားကိုနေ့ချင်းညချင်း၊ စွမ်းအင်ကဏ္ဍကို နေ့ချင်းညချင်း တိုးတက်နိုင်အောင် ရင်းနှီးမြှုပ်နှံမှုအပိုင်းမှာတိုးပြီးတော့ ဆောင်ရွက်နိုင်ဖို့အတွက်လည်းပဲ စွမ်းအင် ကဏ္ဍပေါ်လစီဆွဲတဲ့နေရာမှာ ဒါလေးကို ညှိနှိုင်း၊ကွပ်ကဲ၊စီမံဆောင်ရွက်သင့်ပါတယ်။ ပြီးတော့ ရင်းနှီး မြှုပ်နှံမှုအပိုင်းမှာဆိုရင်းလည်း ရင်းနှီးမြှုပ်နှံသလောက်ထိရောက်ဖို့လိုပါတယ်။ ယနေ့ ဥပမာတစ်ခုပြ ရရင် လျှပ်စစ်ဓာတ်အားပိုင်းမှာ ကျွန်တော်တို့ National Power Grid ဆိုပြီးတော့ အမျိုးသား ဓာတ်အားကွန်ရက်ဆိုပြီးတော့လုပ်ထားပါတယ်။ ဟိုးလောပိတကဓာတ်အားကို ရန်ကုန်အထိပို့လွှတ် တယ်။ ဟိုးအထက်ကဓာတ်အားကို ဟိုးအောက်အထိပို့လွှတ်တယ်။ ဒီဟာတွေဟာ ဒီနေ့ ဖြစ်သင့်သေး လား။ ကျွန်တော်တို့ ဒီနေ့ နေရာဒေသအလိုက် ကွန်ရက်တွေ Isolated Power Grid တွေသုံးပြီးတော့ ဒေသထွက်ကလေးတွေကို ဒေသကနေတစ်ဆင့် ဖြန့်ဖြူးတာလေးတွေလုပ်လို့ရှိရင် ကျွန်တော်တို့ ပို့ဆောင်စရိတ် ဒီဟာအတွက် ရင်းနှီးမြှုပ်နှံမှုက သက်သာသွားမှာဖြစ်တဲ့အတွက် ဒါမျိုးတွေ မလုပ်သင့် ဘူးလားဆိုတာကို ပြန်လည်ပြီးတော့ သုံးသပ်သင့်ပါတယ်။ နည်းပညာပိုင်းမှာလည်းပဲ အထူးသဖြင့် လိုအပ်ပါတယ်။ နည်းပညာတွေကို နိုင်ငံခြားကဝယ်ရမယ်ဆိုရင်လည်း ဝယ်ပြီးတော့ ဆောင်ရွက်ဖို့ တိုက်တွန်းလိုပါတယ်။ နောက်တစ်ချက်က ကျွန်တော်တို့နိုင်ငံဟာ တိုးတက်နေတဲ့ နိုင်ငံကြီးများရဲ့ စက်မှုဆိုင်ရာစွန့်ပစ်ပစ္စည်းများထားတဲ့ နေရာမဖြစ်အောင်လုပ်ဖို့ပါတယ်။ ဆိုလိုတာက ကျွန်တော်တို့ နိုင်ငံမှာတခြားနိုင်ငံကနေပြီးတော့ အသုံးပြုပြီးသား စက်အိုစက်ဟောင်းတွေကို ထားပြီးတော့မှ ဒီစက်အိုစက်ဟောင်းတွေနဲ့ ဆောင်ရွက်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံဟာ Industry Waste ဆို ပြီးတော့သဘောမျိုးထားတဲ့နေရာ တစ်မျိုးဖြစ်သွားနိုင်တဲ့အတွက် ဒါလေးတွေကိုလည်း သဘာဝ ပတ်ဝန်းကျင်မထိခိုက်အောင် ဒီထဲမှာစဥ်းစားဆောင်ရွက်သင့်ပါတယ်။ ဒီနေ့ ဖက်စပ်ပဲလုပ်လုပ်၊ BOT

ပဲလုပ်လုပ် ရင်းနှီးမြှုပ်နှံမှုလုပ်သမျှတွေမှာ သဘာဝအရင်းအမြစ်တွေကို အတားအဆီးမရှိရင် ကျွန်တော်တို့ ပြည်သူတွေအတွက်လည်းပဲ ထိုက်သင့်တဲ့၊ သင့်တင့်လျှောက်ပတ်တဲ့ အကျိုးကျေးဇူး ကျန်သင့်ပါကြောင်းနှင့် ပွင့်လင်းမြင်သာပြီးတော့ လက်ရှိဥပဒေ၊ နည်းဥပဒေများကို လိုက်နာသင့်ပါ ကြောင်းပြောကြားဆွေးနွေးလိုပါတယ်။ ဒီမှာ ဇာတ်ဆရာကြီး ဂရိတ်ဦးဖိုးစိန် ပြောသလို ဇာတ်သမားပြန်သွားရင် မှတ်သားစရာကျန်ရမယ်ဆိုသလို ရင်းနှီးမြှုပ်နှံမှုသတ်မှတ်ချိန်ကုန်ရင် ပြည်သူ တွေအတွက်တော့ ထိုက်သင့်တဲ့အကျိုးကျေးဇူး၊ အမြတ်ကျန်သင့်အောင်တော့ လုပ်ဆောင်ဆွေးနွေး၊ ပေါ်လစီမှာထည့်သွင်းစဉ်းစားရမှာဖြစ်ကြောင်း ထောက်ခံဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နား ပါ့မယ်။

**အချိန်၊ ၁၄း၁၅**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ခန်းမအတွင်းမှ ပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[** အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါသည်။**]**

**အချိန်၊ ၁၄း၄၅**။

**အခမ်းအနားမှူး**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီးအခမ်းအနားအစီအစဉ်များ စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဦးသိန်းလွင်၊ ချောက်မဲဆန္ဒနယ်၏ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုနဲ့စပ်လျဉ်းပြီး သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းဌေး(ပြည်ထောင်စုဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေရန် ဆုတောင်းမေတ္တာပို့သရင်း လေးစားစွာ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက မကွေးတိုင်းဒေသကြီး၊ ချောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင်ရဲ့ စွမ်းအင်ကဏ္ဍကိုပိုမို ထိရောက်သည့် ညှိနှိုင်း၊ကွပ်ကဲ၊စီမံမှုများဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းသည့်အဆိုနှင့် ပတ်သက်ပြီး ပြန်လည်ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ တိုင်းပြည်တစ်ခုဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပြည့်စုံလုံလောက်ပြီး စဉ်ဆက်မပြတ်ရရှိနိုင်တဲ့ စွမ်းအင်အသုံးပြုနိုင်ခြင်းဟာ မရှိမဖြစ်အရေးကြီးတဲ့ အချက်တစ်ရပ်ဖြစ်သလို ယခု ဦးသိန်းလွင် တင်ပြထားတဲ့အချက်တွေအားလုံးဟာ ဒီနေ့တိုင်းပြည်မှာ လက်တွေ့ရင်ဆိုင်တွေ့ကြုံနေရတဲ့ စွမ်းအင်ကဏ္ဍနဲ့ပတ်သက်တဲ့ အခြေအနေမှန်တွေဖြစ်ကြောင်း ကောင်းစွာသဘောပေါက်ပါတယ်။ စွမ်းအင်ကဏ္ဍတွေ ခြုံငုံပြီးတော့ ဒီအဆိုနဲ့ပတ်သက်ပြီး ကျွန်တော် စွမ်းအင်ဝန်ကြီးက ရှင်းလင်းတင်ပြမှာဖြစ်ပေမယ့် လက်ရှိအခြေအနေမှာ စွမ်းအင်အရင်းအမြစ် အမျိုးအစားများစွာကို ဒီနေ့ ကျွန်တော်တို့ အစိုးရအဖွဲ့မှ ဝန်ကြီးဌာနအသီးသီးက ခွဲဝေတာဝန်ယူထားကြတာဖြစ်ကြောင်း ဦးစွာတင်ပြလိုပါတယ်။ ဥပမာအားဖြင့် ရေနံနဲ့သဘာဝဓာတ်ငွေ့ကဏ္ဍကို စွမ်းအင်ဝန်ကြီးဌာနကလည်းကောင်း၊ ကျောက်မီးသွေးကဏ္ဍကို သတ္တုတွင်းဝန်ကြီးဌာနက လည်းကောင်း၊ ရေအားလျှပ်စစ်နှင့် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကလည်းကောင်း၊ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် လျှပ်စစ်ဓာတ်အား ပေးပို့ဖြန့်ဖြူးခြင်းကို အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကလည်းကောင်း၊ ဇီဝစွမ်းအင် အီသနော၊ ဇီဝဒီဇယ်တို့ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက လည်းကောင်း၊ ထင်း၊ မီးသွေးကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက လည်းကောင်း၊ နေရောင်ခြည်၊ လေစွမ်းအင်တို့ကို စက်မှုဝန်ကြီးဌာနကလည်းကောင်း၊ အဏုမြူ

စွမ်းအင်၊ ဘူမိအပူစွမ်းအင် (Geothermal) စတဲ့စွမ်းအင်တို့ကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့က လည်းကောင်း တာဝန်ယူထားကြတာဖြစ်ပါတယ်။ စွမ်းအင်ကဏ္ဍတစ်ခုချင်း ဖွံ့ဖြိုးတိုးတက်မှုအရှိန် အဟုန်ရအောင်လို့ ဝန်ကြီးဌာနတွေ ခွဲဝေတာဝန်ယူထားကြခြင်းဖြစ်သော်လည်း အမျိုးသားအဆင့် အနေနဲ့ စွမ်းအင်အမျိုးအစားပေါင်းစုံ လွှမ်းခြုံပါဝင်တဲ့ မူဝါဒရေးဆွဲချမှတ်မှု၊ အကောင်အထည် ဖော်နေမှုလိုအပ်နေဆဲပဲ ဖြစ်ပါတယ်။ ကျွန်တော်တာဝန်ယူရတဲ့ စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ကတော့ အစိုးရသစ်ဖွဲ့စည်းပေါ်ပေါက်လာတာနဲ့ တစ်ပြိုင်နက် မိမိတာဝန်ယူရတဲ့ ရေနံနှင့် သဘာဝဓာတ်ငွေ့ ကဏ္ဍမှာ ပြည်တွင်းစွမ်းအင်ဖူလုံစိတ်ချစေရေး ရှေးရှုတဲ့မူဝါဒများကို ပြောင်းလဲချမှတ်ခဲ့ပြီးဖြစ်ပါတယ်။ အဲဒီမူဝါဒတွေကတော့ ကျွန်တော် Projector နဲ့ ထိုးပြထားတဲ့အတိုင်းပဲဖြစ်ပါတယ်။

- စွမ်းအင်မှီခိုမှုကင်းတဲ့ အခြေအနေတွေကို ထိန်းသိမ်းသွားရန်၊
- စွမ်းအင်အမျိုးအစားအသစ်တွေနဲ့ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အရင်းအမြစ်များကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေးအတွက် မြှင့်တင်ဆောင်ရွက်ရန် စွမ်းအင်အသုံးပြု နိုင်မှုစွမ်းရည် တိုးမြှင့်လာစေရေးနှင့် စွမ်းအင်ချွေတာရေးကို မြှင့်တင်ဆောင်ရွက်ရန်၊
- အိမ်သုံးစွမ်းအင်အဖြစ် အခြားအစားထိုးစွမ်းအင် အမျိုးအစားများကို အသုံးပြုနိုင်ရေး အတွက်မြှင့်တင်ဆောင်ရွက်ရန်၊
- ရှာဖွေတွေ့ရှိတဲ့ ရေနံနှင့် သဘာဝဓာတ်ငွေ့သယံဇာတများကို ထွက်ရှိရာဒေသ အပါအဝင် ပြည်သူလူထုတစ်ရပ်လုံး အကျိုးအရှိဆုံးနှင့် အထိရောက်ဆုံးရရှိခံစားနိုင်မယ့် သုံးစွဲမှု ဖြစ်စေရေး ဆောင်ရွက်သွားရန်၊
- ပုဂ္ဂလိကကဏ္ဍမှ ပိုမိုပါဝင်ရေး မြှင့်တင်ဆောင်ရွက်ရန် စသည်အားဖြင့် ချမှတ်ခဲ့ပါတယ်။

စွမ်းအင်ကဏ္ဍတာဝန်ယူရတဲ့ ဝန်ကြီးဌာနအနေနဲ့ တင်ပြပါအတိုင်း မူဝါဒတွေ ပြောင်းလဲချမှတ် ကျင့်သုံးခဲ့သလို အစိုးရအဖွဲ့အနေနဲ့လည်းပဲ စွမ်းအင်ကဏ္ဍနဲ့ပတ်သတ်ပြီး ပကတိအခြေအနေကို ကောင်းစွာနားလည် သဘောပေါက်ထားပြီးဖြစ်တဲ့အတွက် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက် ရှိပါတယ်။

၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့မှာ နိုင်ငံတော်သမ္မတရုံးမှာ ကျင်းပတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းဒေသကြီးဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများကို တွေ့ဆုံ ရှင်းလင်းပြောကြားခြင်း အခမ်းအနားမှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲ

ဆောင်ရွက်သွားမယ့်လုပ်ငန်းစဉ်များနှင့်ပတ်သက်လို့ နိုင်ငံတော်သမ္မတကြီး မြွက်ကြားခဲ့တဲ့ မိန့်ခွန်းမှာ စတုတ္ထပိုင်းအနေနဲ့ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လတ်တလောလိုအပ်ချက်၊ ရေတို လိုအပ်ချက်နှင့် ရေရှည်လိုအပ်ချက်များအတွက် စီမံကိန်းရေးဆွဲ ဆောင်ရွက်ရမယ့်ကိစ္စများနှင့် ပတ်သက်ပြီး ပြောကြားလိုပါတယ်။ ယခင်အစိုးရအနေနဲ့ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ချက်ကို အာရုံစိုက်ပြီးဆောင်ရွက်နိုင်ဖို့အတွက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အမှတ်(၂)လျှပ်စစ် စွမ်းအားဝန်ကြီးဌာနဆိုပြီး ဖွဲ့စည်းတာဝန်ယူဆောင်ရွက်စေခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်မှ ၂၀၁၀-၂၀၁၁ ခုနှစ်အထိ သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအပါအဝင် နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေစုစုပေါင်း ကျပ်သန်းပေါင်း ၂၈၀၂၈၉၇ နဲ့ နိုင်ငံခြားချေးငွေနဲ့ဆောင်ရွက်တဲ့ ရေအားလျှပ်စစ်လုပ်ငန်း ၄ ခု အတွက် အမေရိကန်ဒေါ်လာ ၆.၇ ဘီလီယံကျော် သုံးစွဲခဲ့ပြီးတော့ လျှပ်စစ်ဓာတ်အား တိုးတက် ထုတ်လုပ်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရာမှာ ၁၉၈၈ ခုနှစ်မှာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုစုစုပေါင်း ကီလိုဝပ်နာရီသန်းပေါင်း ၂၂၂၆ ရှိခဲ့ရာကနေပြီးတော့ ၂၀၁၁-၂၀၁၂ မှာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု စုစုပေါင်းကီလိုဝပ်နာရီသန်းပေါင်း ၉၇၁၁ အထိ တိုးတက်ထုတ်လုပ်နိုင်ခဲ့ပါတယ်။ သို့သော်လည်းပဲ တိုးတက်လာတဲ့လူဦးရေနဲ့ လျှပ်စစ်ဓာတ်အားတိုးတက်သုံးစွဲလာမှုကြောင့် လျှပ်စစ် ဓာတ်အားဟာ လိုအပ်နေဆဲပဲဖြစ်ပါတယ်။ မကြာမီကလည်း လျှပ်စစ်ဓာတ်အား လျော့နည်းကျဆင်းခဲ့မှု အပေါ် ပြည်သူများအနေနဲ့ လျှပ်စစ်လိုအင်ဆန္ဒကို ဖော်ထုတ်ပြသခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ ပြည်တွင်းပြည်ပနှင့်ဆက်သွယ်ပြီး လျှပ်စစ်ဓာတ်အားဖြည့်ဆည်းပေးမယ့် လတ်လလောအစီအစဉ်များကို အမြန်စီမံဆောင်ရွက်ခဲ့ပါတယ်။ သို့ရာတွင် ရေတို၊ ရေရှည်စီမံချက် အတွက် ပြည်သူတို့ရဲ့လိုအပ်ချက်နဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် စွမ်းအင်လျှပ်စစ်ကဏ္ဍကို ချိတ်ဆက်ပြီး စနစ်တကျစီမံဆောင်ရွက်သွားရန် လိုအပ်လာပါတယ်။ ဒါကြောင့် ဒီကနေ့ စီမံကိန်း ကော်မရှင်မှာ နိုင်ငံတော်ရဲ့ စွမ်းအင်ကိစ္စအရပ်ရပ်အတွက် အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီ (National Energy Management Committee) ကိုဖွဲ့စည်းပြီး ရေတိုရေရှည်အစီအမံများ အတွက် အမျိုးသားလျှပ်စစ်စီမံကိန်း (National Electricity Plan) ကို အမျိုးသားစွမ်းအင်မူဝါဒ (National Energy Policy) နှင့်အညီ ရေးဆွဲဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အမျိုးသားလျှပ်စစ် စီမံကိန်းရေးဆွဲပြီးရင် ဆက်စပ်ဆောင်ရွက်သွားရမယ့် ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေးစတဲ့ စွမ်းအင်ဆိုင်ရာစီမံကိန်းများကို ရေးဆွဲကောင်အထည်ဖော်သွားရမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ မိမိနိုင်ငံရဲ့ သဘာဝသယံဇာတအရင်းအမြစ်ကို ကုန်ကြမ်းအတိုင်း ထုတ်လုပ်ရောင်းချမှု

ကနေပြီး နိုင်ငံအတွက်လိုအပ်တဲ့ လျှပ်စစ်စွမ်းအင်သာမက ဓာတ်မြေသြဇာလိုအပ်ချက်၊ ရေနံဓာတု ထုတ်ကုန်လိုအပ်ချက်များအား ရေရှည်မှာ ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးမှု (People Centered Development) နှင့်အညီ ပြည်သူ့ကုန်စည် (Public Goods) များကို ပြည်တွင်းလိုအပ်ချက် ပြည့်မီအောင် ဦးစားပေးအဖြစ် ပြုပြင်ပြောင်းလဲဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီအနေနဲ့ ရေတိုရေရှည်အစီအမံများ ရေးဆွဲဆောင်ရွက် ရာမှာ ပြည်ထောင်စုအစိုးရက ထုတ်လုပ်ဖြန့်ဖြူးမယ့်အပိုင်း၊ ဒေသအစိုးရများက ထုတ်လုပ်ဖြန့်ဖြူးမယ့် အပိုင်း၊ ပြည်တွင်းပြည်ပ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများနှင့် ထုတ်လုပ်ဖြန့်ဖြူးမယ့်အပိုင်းတွေကို နိုင်ငံ တကာလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ရှေးယခင်အစိုးရက ရေအား လျှပ်စစ်တစ်ခုတည်းအပေါ် လျှပ်စစ်ထုတ်လုပ်မှုစရိတ်နှင့် ဖြန့်ဖြူးမှုစရိတ်ကို အဓိကအခြေခံ၍ တွက်ချက်ခဲ့ရာမှ ယခုအခါမှာ ပြည်သူတို့ရဲ့ လျှပ်စစ်ဓာတ်အားလိုအပ်ချက်အရ နေရာဒေသ၊ ရေမြေ၊ သဘာဝသယံဇာတ၊ အရင်းအမြစ် အခြေအနေအလိုက် ပြည်သူတို့ရဲ့ လက်ခံဝယ်ယူသုံးစွဲနိုင်မယ့် အခြေအနေပေါ်မူတည်ပြီး ရေအားလျှပ်စစ်သာမက သဘာဝဓာတ်ငွေ့၊ ဒီဇယ်၊ ကျောက်မီးသွေး၊ နေအား၊ လေအားနှင့် အခြားဇီဝနှင့် စွန့်ပစ်ပစ္စည်းလောင်စာတွေက ထုတ်လုပ်နိုင်သမျှထုတ်လုပ်ပြီး ဖြန့်ဝေပေးရေး ကြိုးပမ်းဖို့လိုအပ်လာပြီဖြစ်ပါတယ်။ စက်မှုနိုင်ငံဖြစ်ရေးနှင့် စက်မှုဖွံ့ဖြိုးတိုးတက်ရေး ကို ဦးတည်ရည်မှန်းဆောင်ရွက်ရာမှာ အဓိကအလိုအပ်ဆုံးဖြစ်တဲ့ စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့ဟာ အပြန်အလှန်ဆက်စပ်မှီခိုနေတာကြောင့် Energy Plan နှင့် Industrial Development Plan တွေကို စနစ်တကျရေးဆွဲချမှတ်နိုင်မှသာလျှင် နိုင်ငံနှင့် ပြည်သူ လူထုရဲ့ လိုအပ်ချက်ဖြစ်တဲ့ ကုန်စည်နှင့် ဝန်ဆောင်မှုများ၊ အလုပ်အကိုင်အခွင့်အလမ်းများကို တိုးတက် စီမံဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဒီနေ့ စီမံကိန်းကော်မရှင်မှာ နိုင်ငံတော်ရဲ့ စွမ်းအင်ကိစ္စအရပ်ရပ် အတွက် အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီကိုဖွဲ့စည်းပြီး ရေတိုရေရှည်အစီအမံများအတွက် အမျိုးသားလျှပ်စစ်စီမံကိန်းကို အမျိုးသားစွမ်းအင်မူဝါဒနှင့်အညီ ရေးဆွဲဆောင်ရွက်သွားမှာဖြစ်ပါ တယ်။ အမျိုးသားလျှပ်စစ်စီမံကိန်းရေးဆွဲပြီးရင် ဆက်စပ်ဆောင်ရွက်သွားရမယ့် ရေနံ၊ သဘာဝ ဓာတ်ငွေ့၊ ကျောက်မီးသွေးစတဲ့ စွမ်းအင်ဆိုင်ရာစီမံကိန်းများကို ရေးဆွဲအကောင်အထည်ဖော်ရမှာ ဖြစ်ပါတယ်လို့ လမ်းညွှန်မှုပြုထားပြီးဖြစ်ပါတယ်။ ဒါ့ကြောင့် (National Energy Management Committee) အနေနဲ့ မူဝါဒတွေချမှတ်တော့မယ်ဆိုရင် ထည့်သွင်းစဉ်းစားသင့်တဲ့ အခြေခံအချက်

အချို့ကို ဆက်လက်တင်ပြလိုပါတယ်။ ဦးစွာမြန်မာနိုင်ငံရဲ့ စွမ်းအင်သုံးစွဲမှုကို လက်ရှိအခြေအနေနဲ့ အလားအလာကို ကမ္ဘာ့နိုင်ငံများနှင့် နှိုင်းယှဉ်သုံးသပ်လေ့လာကြည့်ဖို့လိုပါ့မယ်။

ခေတ်မီစက်မှုနိုင်ငံကြီးတွေရဲ့ စွမ်းအင်အမျိုးအစားအလိုက် အသုံးပြုမှုကို လေ့လာကြည့်မယ်ဆိုရင် ရုပ်ကြွင်းလောင်စာရေနံသုံးစွဲမှုမှာ အမေရိကန်ပြည်ထောင်စုက တစ်နေ့ကို ရေနံစည်ပေါင်း ၁၈၈၅၀၀၀၀ သုံးပါတယ်။ United Kingdom က စည်ပေါင်း ၁၅၄၂၀၀၀ နေ့စဉ်သုံးပါတယ်။ ပြင်သစ်က စည်ပေါင်း ၁၇၂၄၀၀၀ သုံးပါတယ်။ ဂျာမနီက စည်ပေါင်း ၂၃၆၂၀၀၀၊ တရုတ်ပြည်က စည်ပေါင်း ၉၇၅၈၀၀၀၊ ကျွန်တော် ဒီဇယားထဲက ထုတ်နုတ်တင်ပြခြင်းဖြစ်ပါတယ်။ အိန္ဒိယက စည်ပေါင်း ၃၄၇၃၀၀၀၊ ဂျပန်က စည်ပေါင်း ၄၄၁၈၀၀၀ နဲ့ ထိုင်းနိုင်ငံက တစ်နေ့ကို စည်ပေါင်း ၁၀၈၀၀၀၀ လောက်သုံးနေတဲ့အချိန်မှာ မြန်မာနိုင်ငံရဲ့ ရေနံသုံးစွဲမှုဟာ စည် ၁ သိန်းမပြည့်သေးပါဘူး။ ထုတ်လုပ်မှုအနေနဲ့လည်းပဲ စောစောက ထောက်ခံဆွေးနွေးသွားကြတဲ့ ပုဂ္ဂိုလ်တွေတင်ပြထားတဲ့ အတိုင်းပါပဲ။ တစ်နေ့ကို စည် ၂ သောင်းအောက်မှာပဲ ရှိပါတယ်။ ဒါ့ကြောင့် လက်ရှိပြည်တွင်းသုံးရေနံလိုအပ်ချက်ကို ပြည့်မီဖို့နဲ့ မိမိနိုင်ငံခေတ်မီတိုးတက်ရေး အတွက် အဲဒီတင်ပြခဲ့တဲ့ စက်မှုနိုင်ငံကြီးများ အသုံးပြုနေတဲ့ နေစဉ်ရေနံစည်ပေါင်း သန်းဂဏန်းနှင့်အထက် တိုးမြှင့်သုံးစွဲနိုင်ဖို့အတွက် မြန်မာ့မြေပေါ်မှာ ရေနံစိမ်းတွေ ထပ်မံရှာဖွေထုတ်လုပ်နိုင်ဖို့လိုပါတယ်။ ဒီလုပ်ငန်းဟာ စွန့်စားရမှုနှင့် ရင်းနှီးမြှုပ်နှံမှု ပမာဏအလွန်ကြီးမားပါတယ်။ နည်းပညာလိုအပ်ချက် မြင့်မားပါတယ်။ နောက်တစ်ကြောင်းက အချိန်တိုအတွင်းမှာ မိမိနိုင်ငံရဲ့အခြေအနေအရ ထုတ်လုပ်မှုကို အများအပြားရရှိဖို့လိုအပ်ပါတယ်။ ဒါကြောင့် ဒီလုပ်ငန်းအတွက် ပြင်ပရင်းနှီးမြှုပ်နှံမှုကို မလွှဲမသွေရယူဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ကြောင်း သုံးသပ် တင်ပြလိုပါတယ်။

နောက်တစ်ပိုင်းက သဘာဝဓာတ်ငွေ့နဲ့ပတ်သတ်လို့ ဒီနေ့ မြန်မာနိုင်ငံဟာ သယံဇာတ အလွန်ပေါကြွယ်တယ်။ သဘာဝဓာတ်ငွေ့တွေ အလျှံပယ်ကြွယ်ဝတယ်ဆိုတဲ့ မြန်မာနိုင်ငံရဲ့ Proved Reserve ဟာ စောစောက ဦးကြည်သာ ရည်ညွှန်းသွားတဲ့ BP Statically Review အရ ၂၀၁၁ ခုနှစ် နှစ်ကုန်စာရင်းဇယားမှာ မြန်မာနိုင်ငံရဲ့ Reserve ကို ၇.၈ tcf လို့ ဖော်ပြထားပါတယ်။ တစ်ကမ္ဘာလုံးရဲ့ Reserve နဲ့ နှိုင်းယှဉ်ကြည့်လို့ရှိလျှင် တစ်ကမ္ဘာလုံးရဲ့ ၀.၁ ရာခိုင်းနှုန်းပဲရှိကြောင်း တွေ့ရှိရပါတယ်။ လက်တွေ့မှာတော့ကာ ဓာတ်ငွေ့နေ့စဉ်ထုတ်လုပ်မှု ကုဗပေ သန်း ၁၂၀၀ ကျော်ရှိတယ်။ အဲဒီအထဲကနေ ပြည်ပကို ကုဗပေသန်း ၁၀၀၀ လောက်တင်ပို့နေတယ်။ ပြည်တွင်းမှာ ကုန်းတွင်းကမ်းလွန်စုစုပေါင်း တစ်နေ့ကို ကုဗပေ သန်း ၂၄၀ ခန့်သာ အသုံးပြုနေတယ်ဆိုတာ ဒါလည်း အမှန်ပဲ

ဖြစ်ပါတယ်။ အဲဒါကြောင့် ဒီနေ့ ပြည်တွင်းလိုအပ်ချက်ရဲ့ ၄၁ ရာခိုင်နှုန်းလောက်ပဲ ဖြည့်ဆည်းနိုင်တယ်ဆိုတာ အမှန်ပဲဖြစ်ပါတယ်။ အဲဒီအတွက် မိမိတို့အစိုးရသစ်ကာလ တာဝန်ယူတဲ့အခါမှာ စောစောက ကျွန်တော် တင်ပြခဲ့တဲ့ ကျွန်တော်ရဲ့ စွမ်းအင်မူဝါဒထဲမှာ ထပ်မံတွေ့ရှိသမျှ ရေနံနဲ့ သဘာဝဓာတ်ငွေ့အားလုံး ပြည်တွင်းသုံးကို ဦးစားပေးဖို့ မူဝါဒပြုပြင်ချမှတ်ခဲ့တာ ဖြစ်ပါတယ်။ အစိုးရသစ်ကာလ ချုပ်ဆိုသော စာချုပ်အားလုံးမှာ တွေ့ရှိလာတဲ့ သဘာဝဓာတ်ငွေ့ကို ပြည်တွင်းစက်မှုလုပ်ငန်းများကို ဦးစားပေးအသုံးပြုရမယ်ဆိုတဲ့ အခုတင်ပြထားတဲ့ အပိုဒ်တစ်ပိုဒ် ထည့်သွင်းထားကြောင်း တင်ပြအပ်ပါတယ်။

တစ်ချိန်တည်းမှာ ယခင်တုန်းက နိုင်ငံအချင်းချင်းချုပ်ဆိုခဲ့တဲ့ စာချုပ်တွေကိုလည်း လေးစားလိုက်နာရကြမှာ ဖြစ်ပါတယ်။ လျော့နည်းနေတဲ့ ပြည်တွင်းသုံးသဘာဝဓာတ်ငွေ့ လိုအပ်ချက်ကို ဝယ်ယူသူနဲ့ အပြန်အလှန်နားလည်မှု ချစ်ကြည်လေးစားမှုကို အခြေခံပြီးတော့ ငြိမ်းချမ်းစွာညှိနှိုင်းယူခဲ့တဲ့အခါမှာတော့ စာချုပ်တွေမှာ ရောင်းချရမယ့်ပမာဏ မည်သို့ပင်ရှိစေကာမူ မြန်မာနိုင်ငံရဲ့ လိုအပ်ချက်အတွက် တိုးမြှင့်ရယူပြီးတော့ ဝယ်ယူသူနိုင်ငံက လျှော့ပေါ့ရယူဖို့ကိုလည်းပဲ အကြမ်းဖျင်းညှိနှိုင်းရရှိပြီး ဖြစ်ပါတယ်။ ယခင်စာချုပ်ဟောင်းတွေက မြန်မာနိုင်ငံအတွက်မည်၍ မည်မျှပြန်လည်ပြီးတော့ တိုးမြှင့်ရယူနိုင်မယ်ဆိုတာကို အသေးစိတ်ညှိနှိုင်းပြီးတဲ့အခါမှာ ပြည်သူလူထုသို့ လွှတ်တော်က တစ်ဆင့် အသိပေးတင်ပြသွားမှာ ဖြစ်ပါတယ်။

အဆိုရှင် ဦးသိန်းလွင်က အရေးကြီးတဲ့စွမ်းအင်အမျိုးအစားဖြစ်ပြီးတော့ နိုင်ငံသားတစ်ဦးချင်းနဲ့ ထိစပ်ပတ်သက်နေတဲ့ လျှပ်စစ်သုံးစွဲမှုကို ကမ္ဘာ့နိုင်ငံအချို့နှင့် မြန်မာနိုင်ငံရဲ့လက်ရှိအခြေအနေ နှိုင်းယှဉ်တင်ပြခဲ့ပါတယ်။ အဲဒါကတော့ မလေးရှားနိုင်ငံမှာ လူတစ်ဦး လျှပ်စစ်သုံးနိုင်တဲ့ ယူနစ် ၃၆၁၄ စသည်အားဖြင့် ကျွန်တော်တို့ Projector နဲ့တင်ပြထားတဲ့အတိုင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ၁၀၄ ပဲရှိတယ်လို့တင်ပြထားပါတယ်။ အဲဒီနိုင်ငံတွေ လျှပ်စစ်ကို ဘယ်လိုထုတ်လုပ် သုံးစွဲရရှိနေကြတယ်ဆိုတာကို ထပ်မံတင်ပြလိုပါတယ်။ ဥပမာအားဖြင့် အမေရိကန်နိုင်ငံ ကျောက်မီးသွေးက ၄၈.၈ ရာခိုင်နှုန်းထုတ်လုပ်ပါတယ်။ ဓာတ်ငွေ့ကနေ ၂၀.၈ ရာခိုင်နှုန်းထုတ်လုပ်ပါတယ်။ ရေအားက ၆.၄ ရာခိုင်နှုန်းထုတ်လုပ်ပါတယ်။ ကျွန်တော် Projector နဲ့ထိုးပြထားတဲ့အတိုင်းပါပဲ။ တရုတ်မှာ ကျောက်မီးသွေးက ၇၉ ရာခိုင်နှုန်းထုတ်လုပ်ပါတယ်။ ဓာတ်ငွေ့ ၀.၉ ရာခိုင်နှုန်းရှိပါတယ်။ ရေအားက ၁၆.၉ ရာခိုင်နှုန်း၊ အိန္ဒိယက ကျောက်မီးသွေးဟာ ၆၈.၆ ရာခိုင်နှုန်း ထုတ်လုပ်ပါတယ်။ ဓာတ်ငွေ့က ၉.၉ ရာခိုင်နှုန်းထုတ်လုပ်ပါတယ်။ ရေအားကနေ ၁၃.၇ ရာခိုင်နှုန်းထုတ်လုပ်ပါတယ်။ ဂျပန်နိုင်ငံ

ကျောက်မီးသွေးက ၂၆.၆ ရာခိုင်နှုန်း ထုတ်လုပ်ပါတယ်။ ဓာတ်ငွေ့က ၂၆ ရာခိုင်နှုန်း ထုတ်လုပ်ပါတယ်။ ရေအားက ၇.၆ ရာခိုင်နှုန်းဖြစ်ပါတယ်။ အဲဒီတော့ ကမ္ဘာ့နိုင်ငံတွေအားလုံးရဲ့ ပျမ်းမျှကြည့်လိုက်တဲ့အခါမှာ ကျောက်မီးသွေးကနေ ၄၀.၈ ရာခိုင်နှုန်း ထုတ်လုပ်သုံးစွဲနေပါတယ်။ ဓာတ်ငွေ့ကနေ ၂၁ ရာခိုင်နှုန်းထုတ်လုပ်သုံးစွဲနေပါတယ်။ ရေအားကနေ ၁၆.၂ ရာခိုင်နှုန်းသုံးစွဲနေပါတယ်။ အဲဒီအချိန်မှာ မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေက ကျောက်မီးသွေးကနေ ၃.၅ ရာခိုင်နှုန်း၊ ဓာတ်ငွေ့ကနေ ၂၀.၄ ရာခိုင်နှုန်းနဲ့ ရေအားကနေ ၇၆.၁ ရာခိုင်နှုန်းလို့ ဒီလိုပေါ်ထွက်လာတာရှိပါတယ်။

အဲဒီတော့ ကမ္ဘာ့နိုင်ငံအများစုရဲ့ ပျမ်းမျှထုတ်လုပ်မှုဟာ ခုနက တင်ပြခဲ့တဲ့အတိုင်း ကျောက်မီးသွေး၊ သဘာဝဓာတ်ငွေ့၊ ရေအားအချိုးတွေ အဲဒီလိုဖြစ်နေချိန်မှာ မြန်မာနိုင်ငံမှာကျတော့ ကျောက်မီးသွေးက ၃.၅ ရာခိုင်နှုန်းနဲ့ ရေအားက ၇၆.၁ ရာခိုင်နှုန်း ကြည့်လိုက်တော့ အချိုးအားဖြင့် ရေအားဟာ အလွန်များတယ်လို့ အကြမ်းဖျင်း ဒီလိုကောက်ချက်ချလို့ရပါတယ်။ သို့သော်လည်းပဲ ရေအားကနေထုတ်တာ ၇၆ တောင်ဖြစ်နေပြီလို့ ကျွန်တော်တို့ မျက်လုံးပြူးသွားဖို့ မလိုဘူးလို့ သုံးသပ်ပါတယ်။ ဒီရာခိုင်နှုန်းဟာ တစ်နိုင်ငံလုံးထုတ်လုပ်မှု စုစုပေါင်း ၃၄၉၄ မဂ္ဂါဝပ်ပေါ်မှာ ရေအားကနေထုတ်လုပ်တာ ၂၆၆၀ မဂ္ဂါဝပ် ဖြစ်တဲ့အတွက် အချိုးချ တွက်ချက်ယူလိုက်တဲ့ ရာခိုင်နှုန်းမျှသာ ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ ရေအားလျှပ်စစ်ကို ဘယ်သူတွေ ဘယ်လောက်သုံးနေကြသလဲဆိုတော့ အခြေဇယားလေးနဲ့ ယှဉ်ကြည့်လို့ရှိရင် ကျွန်တော်တို့ရဲ့ ရေအားလျှပ်စစ်မဂ္ဂါဝပ် ၂၆၆၀ ဆိုတာ စာရင်းတောင်မပေါက်ပါဘူး။ တစ်နည်းအားဖြင့် ရေအား လျှပ်စစ်သားလေးလို့ပြောလို့ရပါတယ်။ အဲဒီတော့ BP Statistical Review မှာ ကမ္ဘာနိုင်ငံများအလိုက် ရေအားလျှပ်စစ် ထုတ်လုပ်မှုဖော်ပြထားတာရှိပါတယ်။ ဥပမာအားဖြင့် View မှာ ခုနက ဂဏန်းတွေသေးတဲ့အတွက် ကျွန်တော်ဒီကနေ တင်ပြပါမယ်။

ရေနံစိမ်းတန်ချိန် ၇၄.၃ သန်းနဲ့ ညီမျှတဲ့ ရေအားလျှပ်စစ်ကို အမေရိကန်ပြည်ထောင်စုက အသုံးအပြုနေချိန်မှာ ကနေဒါနိုင်ငံက တန်ချိန်သန်းပေါင်း ၈၅.၂ သန်းနှင့်ညီမျှတဲ့ ရေအားလျှပ်စစ်ကို ထုတ်လုပ်သုံးစွဲနေပါတယ်။ မက္ကဆီကိုက ၈.၂ သန်းနဲ့ညီမျှ ရေအားလျှပ်စစ်ကိုထုတ်လုပ်သုံးစွဲပါတယ်။ အားလုံးမှ တိုင်းပြည် ၃ ခုပဲရှိတဲ့ မြောက်အမေရိကတိုက်ဟာ စုစုပေါင်းရေနံတန်ချိန် ၁၆၇.၆ သန်းနဲ့ ညီမျှတဲ့ ရေအားလျှပ်စစ်ကိုထုတ်လုပ်သုံးစွဲနေကြပါတယ်။ တောင်ပိုင်းနှင့်အလယ်ပိုင်း အမေရိကန်နိုင်ငံများဟာရေနံစိမ်းတန်ချိန် ၁၆၈.၂ သန်းနှင့်ညီမျှတဲ့ ရေအားလျှပ်စစ်ကို ထုတ်လုပ်သုံးစွဲပါတယ်။ ဥရောပနိုင်ငံများကတန်ချိန် ၁၇၉.၁ နဲ့ညီမျှတဲ့ ရေအားလျှပ်စစ်ကိုသုံးပါတယ်။ အာရှဖစိဖိတ်ဒေသက

၂၄၈.၁ သန်းအပါအဝင် ရေနံသဘာဝဓာတ်ငွေ့ အလျှံအပယ်ကြွယ်ဝတယ်လို့ဆိုတဲ့ ပင်လယ်ကွေ့နဲ့ အရှေ့အလယ်ပိုင်းနိုင်ငံများမှာတောင် ရေနံစိမ်းတန်ချိန် ၅ သန်း နဲ့ ညီမျှတဲ့ ရေအားလျှပ်စစ်ကို ထုတ်ယူသုံးစွဲနေကြတာတွေ့ရှိရပါတယ်။ အဲဒီအထဲမှာ ၂၆၆၀ မဂ္ဂါဝပ်သော မြန်မာနိုင်ငံရဲ့ ရေအား လျှပ်စစ်ထုတ်လုပ်သုံးစွဲမှုဟာ စာရင်းတောင်မပေါက်ဘူးလို့ တွေ့ရှိရပါတယ်။ တရုတ်နိုင်ငံရဲ့ ရေနံစိမ်း တန်ချိန် ၁၅၇ သန်းနဲ့ညီမျှတဲ့ ရေအားလျှပ်စစ် မဂ္ဂါဝပ် ၁၃၈၂၃၂ မဂ္ဂါဝပ် သုံးနေပါတယ်။ ဗီယက်နမ် နိုင်ငံဟာ ရေနံစိမ်းတန်ချိန် ၆.၇ သန်းနှင့်ညီမျှတဲ့ ရေအားလျှပ်စစ် မဂ္ဂါဝပ် ၉၆၄၇ ဒီကနေ့ ထုတ်လုပ် သုံးစွဲနေပါတယ်။ ထိုင်းနိုင်ငံဟာ ရေနံစိမ်းတန်ချိန် ၁.၈ သန်းနှင့်ညီမျှတဲ့ ရေအားလျှပ်စစ် ၃၄၂၈ မဂ္ဂါဝပ် ကျွန်တော်တို့နိုင်ငံရဲ့ တစ်နိုင်ငံလုံး ထုတ်လုပ်မှုပေါင်းလောက် ရှိပါတယ်။ အိန္ဒိယနိုင်ငံကလည်း ရေနံစိမ်းတန် ၃၀ လောက်နဲ့ညီမျှတဲ့ ရေအားလျှပ်စစ် ၃၈၅၀၆ မဂ္ဂါဝပ်တို့ကို ထုတ်လုပ်သုံးစွဲနေချိန်မှာ မြန်မာနိုင်ငံရဲ့ရေအားလျှပ်စစ်ဟာ BP Statistical Review မှာ စာရင်းတောင်မပေါက်သေးဘူးလို့ တွေ့ရှိရပါတယ်။ အဲဒီတော့ ဒီစာရင်းတွေဟာ မြန်မာနိုင်ငံကို အရာမလုပ်အရာမသွင်းလို့မပါတာ လည်းမဟုတ်ပါဘူး။ ကျွန်တော်တို့ဘက်က စာရင်းဇယားတွေကို ပွင့်လင်းစွာမထုတ်ပြန်လို့မပါလည်း မဟုတ်ပါဘူး။ ဒီမှာမပါခြင်းဟာ ကိန်းဂဏန်းအရဖော်ပြလို့မရတဲ့အတွက် မပါဘူးလို့ပဲ တွေ့ရှိရပါ တယ်။ မြန်မာတစ်နိုင်ငံလုံးမှာ Energy Source အမျိုးမျိုးကို စွမ်းအင်အရင်းအမြစ်အသီးသီးက ထုတ်ယူသုံးစွဲနေတဲ့ လျှပ်စစ်ဓာတ်အား ပမာဏအားလုံးလောက်ကို ထိုင်းနိုင်ငံမှာ ရေအားတစ်ခုတည်း ကပဲ ထုတ်လုပ်သုံးစွဲနေတာဖြစ်ပါတယ်။ အလားတူပါပဲ တရုတ်နိုင်ငံရဲ့ ရေအားလျှပ်စစ်ထုတ်လုပ် မှုဟာ မြန်မာနိုင်ငံထက်အဆ ၅၀ ကျော်လောက်ရှိပါတယ်။ အိန္ဒိယနိုင်ငံဟာ မြန်မာနိုင်ငံထက် ၁၅ ဆ လောက်ပိုပြီးတော့ထုတ်လုပ်သုံးစွဲနေပါတယ်။ ဒီဟာတွေကို ရှင်းလင်းစွာသိသာနိုင်ရန် တင်ပြခြင်းသာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ရေအားလျှပ်စစ်ကဏ္ဍကြီးမားနေတယ်လို့ ခုနက ကိန်းဂဏန်းအရပြောလို့ ရသော်ငြားလည်းပဲ ကမ္ဘာ့တစ်ဝန်းလုံးမှာ သုံးစွဲနေတဲ့ ပမာဏနဲ့နှိုင်းယှဉ်ကြည့်ပြီးတော့ မိမိတို့ ပကတိ အခြေအနေကိုသိဖို့နဲ့ ထပ်မံတိုးချဲ့ထုတ်လုပ်ရန် သင့်၊ မသင့် စဉ်းစားသုံးသပ်နိုင်ကြရန် တင်ပြခြင်းပဲ ဖြစ်ပါတယ်။ အလားတူပါပဲ အဆိုမှာ မျက်မှောက်ခေတ်တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့များကို ဦးစားပေးထုတ်ယူသုံးစွဲနေကြရာမှ ကျောက်မီးသွေးကိုလည်း စက်မှုလုပ်ငန်းများ၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုများတွင် ပိုမိုတွင်ကျယ်စွာ သုံးစွဲနေကြရပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင်လည်း ယခင် အတွေ့အကြုံများအပေါ်အခြေခံ၍ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေပြီး၊ လျှပ်စစ် ဓာတ်အား အပြည့်အဝထုတ်လုပ်နိုင်မည့် ခေတ်မီစက်ပစ္စည်း ကိရိယာများ၊ အစီအမံများဖြင့်

ကျောက်မီးသွေးကို ပိုမိုသုံးစွဲသင့်ပါတယ်လို့ အဆိုရှင်က အဆိုပြုထားတာကိုတွေ့ရပါတယ်။ ကျွန်တော့် အနေနဲ့လည်း ဒီအဆိုကို သဘောတူထောက်ခံပါကြောင်း ကိန်းဂဏန်းများနှင့် သက်သေပြုတင်ပြ လိုပါတယ်။ ကျောက်မီးသွေးကို အသုံးပြုပြီးတော့ လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲမှုအခြေအနေ များကို အထက်မှာလည်း တင်ပြခဲ့ပြီးပါပြီ။ ဒီကနေ့ လျှပ်စစ်ထိန်ထိန်ညီအောင်သုံးနေတဲ့ တရုတ်ပြည် ဟာ ကျောက်မီးသွေးကနေ ၇၉ ရာခိုင်နှုန်းသုံးပါတယ်။ မဂ္ဂါဝပ်အားဖြင့် ၄၆၅၀၀၀ မဂ္ဂါဝပ်ရှိပါတယ်။ ထိုင်းနိုင်ငံမှာ ကျောက်မီးသွေးကနေပြီးတော့ မဂ္ဂါဝပ် ၇၉၂၉၊ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ တစ်နိုင်ငံ လုံးထုတ်ထားတဲ့ ၂ ဆ ကျောက်မီးသွေးကနေ ထုတ်သုံးနေပါတယ်။ အမေရိကန်နိုင်ငံမှာ ကျောက်မီးသွေးကနေ ၄၈.၈ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံမှာ ကျောက်မီးသွေးက ၂၆.၆ ရာခိုင်နှုန်း ထုတ်လုပ်အသုံးပြုနေချိန်မှာ မြန်မာနိုင်ငံက ထုတ်လုပ်မှုက ကျောက်မီးသွေးကနေ ၁၂၀ မဂ္ဂါဝပ်ပဲ ရှိပါတယ်။ မိမိနိုင်ငံအတွင်းမှာ ခုနကလိုပြန်ပြီးတော့ အချိုးကျကြည့်တဲ့အခါမှာ ၃.၅ ရာခိုင်နှုန်းလို့ ဒီလိုဖြစ်ပေါ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာလေးကိုလည်းပဲ ကမ္ဘာ့နိုင်ငံများနှင့် ကျွန်တော်တို့ နှိုင်းယှဉ် သုံးသပ်နိုင်ဖို့ တင်ပြခြင်းဖြစ်ပါတယ်။ ကျောက်မီးသွေးကထုတ်တဲ့ လျှပ်စစ်ပမာဏကို ပတ်ဝန်းကျင် နိုင်ငံများနှင့် အချိုးချကြည့်လို့ရှိရင် ထိုင်းနိုင်ငံထက် ၆၆ ဆနည်းပါတယ်။ တရုတ်နိုင်ငံထက် ၃၈၇၅ ဆ လျော့နည်းပါတယ်။ အဲ့ဒါကြောင့် ယုတ္တိဗေဒနည်းနှင့် သုံးသပ်ကြည့်မယ်ဆိုရင်တော့ ဒီလိုပဲသုံးစွဲမယ် ဆိုရင် သူတို့လိုပဲ ထိန်ထိန်လင်းအောင် လုပ်လို့ရတယ်လို့ဆင်ခြင်ကြဖို့ တင်ပြလိုပါတယ်။ ဟိုမှာတော့ လင်းနေတယ်။ ဒီမှာတော့ မှောင်နေတယ်ဆိုတဲ့ ဒီလိုသုံးသပ်ချက်အဆင့်မှာတင်မဟုတ်ဘဲနဲ့ ဘယ်လို ဆောင်ရွက်သင့်သလဲဆိုတဲ့ အဖြေရအောင်ဆက်လက်ပြီးတော့ ဖော်ထုတ်သွားဖို့လိုအပ်မယ်လို့ တင်ပြ လိုပါတယ်။ တစ်ကမ္ဘာလုံးရဲ့ ကျောက်မီးသွေးထုတ်လုပ်သုံးစွဲမှုစာရင်းများကို ထပ်မံတင်ပြလိုပါတယ်။ အမေရိကန်ပြည်ထောင်စုဟာ ရေနံစိမ်းတန်ချိန်သန်းပေါင်း ၅၀၁.၉ နှင့်ညီမျှတဲ့ ကျောက်မီးသွေးကို ထုတ်လုပ်သုံးစွဲပါတယ်။ ပြင်သစ်နိုင်ငံဟာ ရေနံစိမ်းတန်ချိန်သန်းပေါင်း ၉ သန်း၊ ဂျာမနီက ရေနံစိမ်း တန်ချိန်သန်းပေါင်း ၇၇.၆ သန်း၊ အီတလီက ၁၅.၄ သန်း၊ ပါကစ္စတန် နိုင်ငံက ၃၀.၂ သန်း၊ နယ်သာလန် နိုင်ငံက ၇.၈ သန်း၊ ပိုလန်က ၅၉.၈ သန်း၊ ရုရှားဖက်ဒရေးရှင်းက ၉၀.၉ သန်း၊ စပိန်နိုင်ငံက ၁၄.၉ သန်း၊ တူရကီနိုင်ငံက ၃၂.၄ သန်း၊ တောင်အာဖရိကနိုင်ငံများက ၉၂.၉ သန်း၊ ဩစတေးလျနိုင်ငံ က ၄၉.၈ သန်း၊ တရုတ်နိုင်ငံက ၁၈၃၉.၄ သန်း၊ အိန္ဒိယနိုင်ငံက ၁၂၉၅.၆ သန်း၊ အင်ဒိုနီးရှားနိုင်ငံက ၄၄ သန်း၊ ဂျပန်နိုင်ငံက ၁၇၇.၇ သန်း၊ တောင်ကိုရီးယားနိုင်ငံ ၇၉.၄ သန်း၊ ထိုင်းနိုင်ငံက ၁၃.၉ သန်း၊ ဗီယက်နမ်နိုင်ငံက ရေနံစိမ်းတန်ချိန် ၁၅ သန်းနှင့်ညီမျှတဲ့ ကျောက်မီးသွေးက စွမ်းအင်ကို သုံးစွဲ

နေချိန်မှာ မြန်မာနိုင်ငံကလည်း စောစောက ရေအားလိုပါပဲ ဒီဇယားထဲမှာ စာရင်းတင်နိုင်တဲ့အဆင့် တောင်မရှိသေးဘူးလို့ တွေ့ကြရမှာဖြစ်ပါတယ်။ အဆိုရှင် ဦးသိန်းလွင် တင်ပြသွားသလိုပဲ မြန်မာနိုင်ငံရဲ့ ကျောက်မီးသွေး Reserve ဟာ တန်ချိန်သန်းပေါင်း ၇၁၁ ရှိတယ်လို့ဆိုပါတယ်။ ဒီတော့ ကျောက်မီးသွေးသုံးရင် သဘာဝပတ်ဝန်းကျင် ထိခိုက်မယ်ဆိုတဲ့အယူအဆနဲ့ပဲ ကျောက်မီးသွေးသုံးမှာကို လက်တွန့်နေမှာလား။ သို့မဟုတ် အမေရိကန်ပြည်ထောင်စုကဲ့သို့ ထိန်ထိန်ညီနေအောင် သုံးစွဲချင်ရင် သူတို့လိုပဲ လျှပ်စစ်အရင်းအမြစ်ကို တစ်ဝက်လောက်ကို ကျောက်မီးသွေးကနေထုတ်သုံးကြမလား။ ဒါလည်းပဲ ကျွန်တော်တို့ မဟာဗျူဟာချမှတ်တဲ့နေရာမှာ ထည့်သွင်းစဉ်းစားသင့်တဲ့အချက်တစ်ချက်ဖြစ်ကြောင်း တင်ပြလိုပါတယ်။ ကျောက်မီးသွေးထုတ်လုပ်မှုနှင့်သုံးစွဲမှုကို ကမ္ဘာ့ဒေသများအလိုက် ကျွန်တော် Graph နဲ့ တင်ပြထားပါတယ်။ နောက်တစ်ချက်ကတော့ အဏုမြူစွမ်းအင် ထုတ်လုပ်အသုံးပြုနိုင်မှုဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုက ရေနံစိမ်းစည်သန်းပေါင်း ၁၈၈.၂၊ ပြင်သစ်နိုင်ငံက ရေနံစိမ်းစည်သန်းပေါင်း ၁၀၀၊ United Kingdom ဆိုတဲ့ ဗြိတိသျှနိုင်ငံကြီးက ရေနံစိမ်းတန်ချိန် ၁၅.၆ သန်းနှင့်ညီမျှတဲ့ အဏုမြူစွမ်းအင်တွေကို ထုတ်လုပ်သုံးစွဲနေတာကို တွေ့ရှိရပါလိမ့်မယ်။ မြန်မာနိုင်ငံအနေနဲ့လည်းပဲ နောင်တစ်ချိန်မှာတော့ အဏုမြူစွမ်းအင်ကို သုံးစွဲကောင်း သုံးစွဲရမည့်အခြေအနေကို ရောက်လာနိုင်ပါတယ်။ ဒီကနေ့တော့ ကျွန်တော်တို့ မြန်မာပြည်သူတွေဟာ အဏုမြူစွမ်းအင်ကို အိမ်မက်မက်ခွင့်မရှိသေးပါဘူး။ လတ်တလောအနေနဲ့ကတော့ သဘာဝက ပေးထားပြီးဖြစ်တဲ့ ပေါကြွယ်ဝလှတဲ့ ပြန်ပြည့်မြဲ စွမ်းအင်အမျိုးအစားတွေကိုလည်းပဲ ဥပမာအားဖြင့် စောစောကတင်ပြသွားတဲ့ Bio Energy၊ နေစွမ်းအင်၊ လေစွမ်းအင်အပါအဝင် ဘူမိအပူစွမ်းအင် ဒါတွေကိုတတ်နိုင်သမျှ ရုပ်ကြွင်းစွမ်းအင်နေရာမှာ အစားထိုးနိုင်ရေးနှင့် စွမ်းအင်ကိုအကျိုးရှိထိရောက်စွာသုံးစွဲဖို့၊ မလိုအပ်ဘဲသုံးစွဲမည့်အစား တတ်နိုင်သမျှစွမ်းအင်ကို ခြိုးခြံချွေတာဖို့တို့ကို လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေနဲ့ ထည့်သွင်းသုံးသပ်နိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။ အဏုမြူစွမ်းအင်နှင့် ရေအားလျှပ်စစ်တို့ကို ကမ္ဘာ့ဒေသကြီးများအလိုက် ဘယ်လိုသုံးစွဲနေကြတယ်ဆိုတာ ပူးတွဲပါ Graph များနှင့်တင်ပြအပ်ပါတယ်။ တစ်ကမ္ဘာလုံးမှာ စွမ်းအင်အမျိုးမျိုးကို နှစ်အလိုက် ဘယ်လို သုံးစွဲနေကြတယ်ဆိုတာကို Graph များအလိုက် ဖော်ပြအပ်ပါတယ်။ ယခုအချိန်အထိ တင်ပြမှုတွေဟာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအင်အမျိုးအစားအလိုက် တိုးမြှင့်အသုံးပြုနိုင်ရေး ရှုထောင့်ကနေပြီးတော့ တင်ပြနေခြင်းဖြစ်ပါတယ်။ ဒီအတွက် ကြိုးပမ်းဆောင်ရွက်ကြဖို့လိုအပ်သလို မြန်မာနိုင်ငံဟာ တစ်ချိန်တည်းမှာ ကမ္ဘာ့မိသားစုအသိုင်းအဝိုင်းထဲမှာရှိနေတာဖြစ်တဲ့

အတွက် ဒီအသိုင်းအဝိုင်းရဲ့ စည်းမျဉ်းစည်းကမ်းတွေ၊ ကတိကဝတ်တွေကိုလည်း လေးစားလိုက်နာကြရမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် အာဆီယံအသိုင်းအဝိုင်းထဲမှာ (NRE) New and Renovator Ener gy နှင့်ပတ်သက်ပြီးတော့ လျှပ်စစ်ထုတ်လုပ်မှုမှာပြန်ပြည့်မြဲစွမ်းအင်ပါဝင်မှုဟာ ၁၅ ရာခိုင်နှုန်းရှိရမယ်။ နောက်တစ်ခါ ENCE ခေါ်တဲ့ Ener gy Effectional and Conservation Tar get အဖြစ်နဲ့ ၂၀၂၀ ခုနှစ်မှာ ၅ ရာခိုင်နှုန်း၊ ၂၀၃၀ ခုနှစ်မှာ ၈ ရာခိုင်နှုန်းလျှော့ချရမယ်။ နောက်တစ်ခါ Ener gy Intensity ၂၀၁၅ ခုနှစ်မှာ ၈ ရာခိုင်နှုန်းလျှော့ချရမယ်စသည်အားဖြင့် ကမ္ဘာ့ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှာ ချမှတ်ထားတဲ့ ရည်မှန်းချက်တွေ၊ သတ်မှတ်ချက်တွေ ဒါတွေကိုလည်း ကျွန်တော်တို့ အကောင်အထည်ဖော်ကြရမှာဖြစ်ပါတယ်။ ယခုအခါမှာ အမျိုးသားအဆင့် စွမ်းအင်စီမံခန့်ခွဲမှုကော်မတီ (National Ener gy Management Committee) ကို ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များသာမကဘဲ နယ်ပယ်အသီးသီးမှ ပါဝင်သင့်ပါဝင်ထိုက်သူများ စုံစုံလင်လင်ပါဝင်ဖွဲ့စည်းနိုင်ရန် ကျွန်တော်တို့ Ener gy Related Ministry စုပေါင်းပြီးတော့ မူကြမ်းပြုစုလျက်ရှိပါတယ်။ ဒါတွေကို ကျွန်တော်တို့ အဆင့်ဆင့်တင်ပြအတည်ပြုချက် ရယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကော်မတီအနေနဲ့ နိုင်ငံတော်ရဲ့ လတ်တလောအကြပ်အတည်းများကိုသာမက အနာဂတ်မျိုးဆက်သစ်များ၏ ကာလတိုင်အောင် လွှမ်းခြုံဖြန့်ကျက်ပြီးတော့ အကျုံးဝင်စေမည့် အမျိုးသားစွမ်းအင်လုံခြုံရေးမဟာဗျူဟာအပါအဝင် အမျိုးသားစွမ်းအင်မူဝါဒချမှတ်ပြီးတော့ ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ ဒါကြောင့် ဦးသိန်းလွင် အဆိုပြုတင်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍမှာ ပိုမိုထိရောက်သည့် ညှိနှိုင်း၊ ကွပ်ကဲ၊ စီမံမှုများဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း လေးစားစွာရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးကိုယ်တိုင်ကလည်း ဦးသိန်းလွင်ရဲ့အဆိုအား တကယ်လိုအပ်တဲ့အဆိုဖြစ်ကြောင်း ရှင်းလင်းတင်ပြသွားခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ဒီအဆိုနှင့်ပတ်သက်ပြီးတော့ လွှတ်တော်ရဲ့သီးခြားသဘောဆန္ဒကိုမဲခွဲဆုံးဖြတ်စရာမလိုဘဲနဲ့ ဦးသိန်းလွင် တင်သွင်းတဲ့ မြန်မာနိုင်ငံရဲ့စွမ်းအင်ကဏ္ဍကို ပိုမိုထိရောက်သည့် ညှိနှိုင်း၊ ကွပ်ကဲ၊ စီမံမှုများ ဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုနှင့်ပတ်သက်ပြီးတော့ လွှတ်တော်ရဲ့ အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။ ဒီအဆိုကို ဆက်လက်အတည်ပြုဖို့အတွက် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ချောက်မဲဆန္ဒနယ်မှ ဦးသိန်းလွင် တင်သွင်းတဲ့ မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍကို ပိုမိုထိရောက်သည့် ညှိနှိုင်း၊ ကွပ်ကဲ၊ စီမံမှုများ ဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဦးသိန်းညွန့်၊ သယ်္ဘန်းကျွန်းမဲဆန္ဒနယ်က မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကာလတွင် နိုင်ငံတော်သမ္မတက အရပ်ဘက်လူမှုအဖွဲ့အစည်းအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်မိန့်ကြား ခဲ့ပြီးဖြစ်၍ အရပ်ဘက်လူ့အဖွဲ့အစည်းတွင် ပါဝင်သည့် အစိုးရမဟုတ်သော လူ့အဖွဲ့အစည်း (NGO) များ ဖွဲ့စည်းရေးအတွက် ခေတ်နှင့်လျော်ညီသောအစိုးရမဟုတ်သော လူ့အဖွဲ့ အစည်း (NGO) များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေတစ်ရပ်ပြဋ္ဌာန်းနိုင်ရန် နိုင်ငံတော် အစိုးရအား ဤလွှတ်တော်မှတိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သယ်္ဘန်းကျွန်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်က အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းညွန့်(သယ်္ဘန်းကျွန်းမဲဆန္ဒနယ်)**။ ။လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား ၁ အပိုဒ် ၁၀(စ) စီမံခန့်ခွဲရေးကဏ္ဍမှာ အသင်းအဖွဲ့ဆိုင်ရာ ပြဋ္ဌာန်းထားပါတယ်။ အဲဒီပြဋ္ဌာန်းချက်အပေါ် အခြေခံပြီး တော့ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကာလတွင် နိုင်ငံတော်သမ္မတက အရပ်ဘက်လူမှု အဖွဲ့အစည်းအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန် မိန့်ကြားခဲ့ပြီးဖြစ်၍ အရပ်ဘက်လူ့အဖွဲ့အစည်းတွင် ပါဝင်သည့် အစိုးရမဟုတ်သော လူ့အဖွဲ့အစည်း (NGO) များ ဖွဲ့စည်းရေးအတွက် ခေတ်နှင့်လျော်ညီ သော အစိုးရမဟုတ်သော လူ့အဖွဲ့အစည်း (NGO) များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေတစ်ရပ် ပြဋ္ဌာန်း နိုင်ရန် နိုင်ငံတော်အစိုးရအား ဤလွှတ်တော်မှ တိုက်တွန်းကြောင်းအဆိုကို ကျွန်တော် တင်သွင်းရပါ တယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီအဆိုကို ဘာကြောင့် တင်သွင်းရလဲဆိုရင် ဒီ ၂၀၁၂ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့နောက်ပိုင်းမှာ အချို့ ဒီ NGO များနှင့် ပတ်သက်ပြီးတော့ အသင်းအဖွဲ့များဆိုင်ရာဥပဒေ၊ နဝတဥပဒေအမှတ် (၆/၈၈) အရ မှတ်ပုံမတင်ရင်

အရေးယူမယ်ဆိုတဲ့ သတင်းများက ရန်ကုန်၊ ရခိုင်၊ မန္တလေး၊ အထူးသဖြင့် မန္တလေးဘက်မှာ ဒီသတင်း ထွက်ပေါ်လာပါတယ်။ ဒီသတင်းအရ အရေးယူမယ်ဆိုရင် လက်ရှိဥပဒေအရ ပုဒ်မ ၃(ဂ)၊ ပုဒ်မ ၅ ဒါတွေကို ချိုးဖောက်ရင် ထောင် ၅ နှစ် ပြစ်ဒဏ်ပေးခံရပါတော့မယ်။ အဲဒီလိုပဲ ပုဒ်မ ၇ အရ အားပေး ကူညီမယ်၊ အဆောင်အယောင်အသုံးပြုမယ်ဆိုရင် ထောင် ၃ နှစ် ပြစ်ဒဏ် ပေးခံရပါတော့မယ်။

လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိအခြေအနေကို ပြန်ပြီးတော့ သုံးသပ်ကြည့်ရင် နိုင်ငံတော်သမ္မတကြီးက ၃၀-၃-၂၀၁၁ မှာ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွေမှာ အရပ်ဘက်လူ့အဖွဲ့အစည်း (NGO) တွေနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့ ပြည်ထောင်စုလွှတ်တော်မှာ အတိအလင်းနိုင်ငံတော်မူဝါဒအဖြစ် သတ်မှတ်ထားပြီးဖြစ်ပါတယ်။ ဒီလိုပါပဲ လူထုအခြေပြုဗဟိုပြုတဲ့ အဖွဲ့အစည်းတွေ ဖွဲ့စည်းပြီးတော့ ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေမှာ ဒီအရပ်ဘက် လူ့အဖွဲ့အစည်း အစိုးရမဟုတ်တဲ့ NGO တွေရဲ့ အကူအညီ ရယူပူးပေါင်းပြီးတော့ ဆောင်ရွက်သွားမယ်လို့ နိုင်ငံတော်မူဝါဒက ပြောင်းလဲခဲ့ပြီးဖြစ်ပါတယ်။

လေးစားရသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီပြောင်းလဲနေတဲ့အခြေအနေမှာ ဒီအသင်းအဖွဲ့ဆိုင်ရာ ဥပဒေအရ NGO များကို အရေးယူမယ်ဆိုရင် ခေတ်ကာလအခြေအနေနဲ့ မကိုက်ညီတော့ဘူးဆိုတဲ့ အချက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်ကို လေးလေးစားစား တင်ပြပါမယ်။ ဥပဒေတွေမှာ ပြဋ္ဌာန်းတဲ့အခါမှာ ဒီဥပဒေတွေရဲ့ သမိုင်းနောက်ခံရှိပါတယ်။ အခု အသင်းအဖွဲ့ဆိုင်ရာဥပဒေကျတော့ သမိုင်းနောက်ခံကို ပြောတဲ့အခါမှာ အင်မတန်မှ လွယ်ကူပါတယ်။ ဘာလို့လဲဆိုရင် ဒီဥပဒေရဲ့ အသင်း အဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်နှင့် ပတ်သက်၍ ရှင်းလင်းချက်ပေ့ါနော်။ ဒါလေးဖတ်ပြပါရစေ။ ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကို အနှောင့်အယှက် အဟန့်အတားဖြစ်စေမည့် အသင်းအဖွဲ့များကို ခွင့်ပြုထားပါက တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေ အေးချမ်းသာယာရေး၊ နိုင်ငံတော်အုပ်ချုပ်ရေးယန္တရား ပုံမှန်လည်ပတ်ရေးကို ထိခိုက်လာနိုင်မည် ဖြစ်သည်။ သို့ဖြစ်၍ အထက်ဖော်ပြပါ အန္တရာယ်များကို ကာကွယ်တားဆီးနိုင်ရန်လည်းကောင်း၊ တရား မျှတ၍ လွတ်လပ်သော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အမြန်ဆုံး ထမြောက်အောင်မြင် စွာ ကျင်းပနိုင်ရန်လည်းကောင်း၊ အသင်းအဖွဲ့များ စနစ်တကျကြီးကြပ်ထိန်းချုပ်ရန် လိုအပ်သည်ကို တွေ့ရှိနိုင်ပါသည်။ အဲဒီခေတ်၊ အဲဒီအခါက ပြဋ္ဌာန်းချက်ဖြစ်ပါတယ်။ အခုအချိန်မှာကျတော့ ဒီဥပဒေ အရ ဆောင်ရွက်မယ်ဆိုရင် ပုဒ်မ ၂(က) အသင်းအဖွဲ့ဆိုတဲ့ ဖွင့်ဆိုချက်က အင်မတန်မှ ယေဘုယျဆန် သွားပါပြီ။ ဒီမှာ အသင်းအဖွဲ့ဆိုတာ အမည်သီးခြားရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ရည်ရွယ်ချက်

တစ်ခုအတွက် သို့မဟုတ် လုပ်ငန်းစဉ်တစ်ခုအတွက် လူအများစုပေါင်းဖွဲ့စည်းထားသော အသင်းအဖွဲ့၊ အစည်းအရုံး၊ သမဂ္ဂ၊ ပါတီ၊ ကော်မတီ၊ အဖွဲ့ချုပ်၊ အသင်းစု၊ ကလပ်နှင့် အလားတူအသင်းအဖွဲ့ကို ဆိုလိုသည်။

လေးစားရသော ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရမဟုတ်တဲ့အဖွဲ့အစည်း (NGO) တွေဆိုတာ ငွေကြေးအကျိုးအမြတ် မခံစားဘဲနှင့် ပရဟိတ လုပ်ငန်းတွေကို ဆောင်ရွက်နေတဲ့ အဖွဲ့တွေ ဖြစ်ပါတယ်။ ဒီအဖွဲ့တွေရဲ့အခန်းကဏ္ဍဟာလည်း ဒီနေ့မြင်တွေ့ရပြီးဖြစ်ပါတယ်။ ဥပမာ ရန်ကုန်မြို့တော်မှာ ဆိုရင် ဦးကျော်သူတို့ရဲ့ သာရေးနာရေးအသင်း ဒီအသင်းကြောင့် ဆင်းရဲတဲ့ပြည်သူတွေမပြောနဲ့ လူလတ်တန်းစားတွေပင်လျှင် ဘဝရဲ့နောက်ဆုံးအချိန်ကို အိန္ဒြေမပျက်ဘဲနဲ့ ဆောင်ရွက်ပေးနိုင်တာတွေ တွေ့ရပါတယ်။ မန္တလေးမြို့မှာဆိုရင်လည်း ဒေါက်တာဝင်းမြင့်တို့ရဲ့ ပြဟ္မစိုရ်အသင်းမျိုးဟာ ပရဟိတ လုပ်ငန်းတွေ ဆောင်ရွက်ပေးတဲ့အတွက် ပြည်သူလူထုအတွက် ဝန်ပိမယ့်ဒုက္ခတွေ အများကြီးသက်သာခဲ့ပါတယ်။ လေးစားရသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခုပြီးခဲ့တဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေးမှာ ပြည်ထောင်စုပြည်ထဲရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုရဲ့ ရှင်းပြချက်အရ မှတ်ပုံတင်ထားတဲ့အသင်းဟာ ပြည်တွင်း NGO ဟာ ၂၇၈ သင်းပဲ ရှိပါတယ်။ အဲဒီအထဲမှာ ၁၂၂ သင်းက မြို့နယ်အသင်း ဒါက သာသနာရေး၊ လူမှုရေး ၇၄ သင်းဟာ ပညာရေး၊ ကျန်းမာရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ၉၂ သင်းဟာတော့ မိဘမဲ့ကလေးတွေ၊ ပင်စင်စားတွေ သက်သာချောင်ချိမှု၊ နာရေးကူညီမှုအသင်းများ ဖြစ်ပါတယ်။ အဲဒီတော့ အခုရေးသားချက်တွေကို လေ့လာကြည့်တဲ့အခါကျတော့ ဒီနေ့ ပရဟိတလုပ်ငန်း အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေဟာ အသင်း ၁၀၀၀ ကျော်ရှိတယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီအခြေအနေမှာ ပရဟိတလုပ်ငန်းတွေ၊ အသင်းအဖွဲ့ လုပ်ငန်းတွေနဲ့ပတ်သက်ပြီး မေးခွန်းမေးစရာပေါ်လာပါတယ်။ အခု ဒီမိုကရေစီအသွင်ကူးပြောင်းမှု ကာလမှာ ဒီအသင်းအနေနဲ့ ပူးပေါင်းမလား။ ဒါမှမဟုတ်ရင် အသင်းအဖွဲ့ဆိုင်ရာဥပဒေအဟောင်းကြီး နဲ့ပဲဟန့်တားမလား။ ဒီမေးခွန်းကို ဖြေကြရပါမယ်။ ဒီပြဿနာကို ဖြေရှင်းကြရပါမယ်။ အဲဒီတော့ ဘယ်လိုဖြေရှင်းကြမလဲ။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၄(ဂ)မှာပါတဲ့ အသင်းအဖွဲ့တွေကို ဖွဲ့စည်းခွင့်ပေးခဲ့ပါတယ်။ ဟိုအရင် ဥပဒေကတော့ အခြေခံဥပဒေ မတည်ခင်ကာလက ဆွဲထားတဲ့ဥပဒေတွေ ဖြစ်ပါတယ်။

လေးစားရသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်သမ္မတကြီးလိုချင်တဲ့ ဒီအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ပြီးတော့ လူထုဗဟိုပြုတဲ့ လုပ်ငန်းတွေကို လုပ်ကြမယ်ဆိုရင် ကျွန်တော်တို့ဟာ ဒီ

NGO များနှင့်ပတ်သက်ရင် ပေါ်ပေါက်နေတဲ့ သူတို့ရဲ့အခြေအနေမှန်ကို သိဖို့လိုပါတယ်။ အဲဒီပေါ်မှာ မူတည်ပြီးတော့ နိုင်ငံ၊ နိုင်ငံသားများအကျိုးအတွက် ဘယ်လိုဆောင်ရွက်ပေးကြရမလဲ။ ကျွန်တော့်ဆီမှာရောက်နေတဲ့ ဖွံ့ဖြိုးရေးမဏ္ဍိုင်အဖွဲ့ရဲ့ မြန်မာနိုင်ငံတွင် လုပ်ကိုင်လျက်ရှိသော ပြည်တွင်းလူမှုအဖွဲ့အစည်းများ၊ လူမှုရေးလုပ်ငန်းများလုပ်ဆောင်နိုင်သည့် အခြေအနေများနှင့် အခွင့်အလမ်းများကို ဆန်းစစ်ခြင်း၊ ဇွန်လ ၂၂ ရက်ထုတ်တဲ့စာအုပ်စာတမ်းအရ သူတို့ရဲ့လူမှုအသင်းအဖွဲ့တွေ ၇၀ ကျော်ရဲ့ အခြေအနေကို သုတေသနပြုထားပါတယ်။ အဲဒီတော့ အခုအခြေအနေတွေမှာ သူတို့ ကြုံကြိုက်နေတဲ့ အခြေအနေက အရင်တုန်းက မှတ်ပုံတင်ရင် ၂ နှစ်အတွက် ၁ သိန်းပဲ ပေးရပါတယ်။ အခုတော့ ၅ နှစ်ဆိုပြီး ၅ သိန်းပေးရပါတယ်။ အဲဒီငွေကြေးဟာ ကိုယ့်စရိတ်နဲ့ကိုယ် စိုက်ပြီးတော့ ပရဟိတလုပ်ငန်းတွေကို လုပ်ကိုင်ဆောင်ရွက်ပေးနေတဲ့ ရပ်ရွာအခြေပြုတဲ့ အသင်းအဖွဲ့တွေအတွက်တော့ အင်မတန်ကြီးမားတဲ့ ဝန်ထုတ်ဝန်ပိုးတွေ ဖြစ်နေပါတယ်။ အလားတူပဲ အသင်းအဖွဲ့တွေရဲ့ ဆောင်ရွက်မှုဟာ ရပ်ရွာတွေမှာ ရဟန်းသံဃာများကို နာယကထားပြီးတော့ ဆောင်ရွက်နေရပါတယ်။ ယခု ရဟန်းသံဃာများနာယကအဖြစ် ဆောင်ရွက်မှုအတွက် လက်ရှိအခြေအနေမှာ အဟန့်အတား တွေဖြစ်နေပါတယ်။ ဒီလိုပါပဲ အသင်းတစ်သင်း မှတ်ပုံတင်ဖို့ ဆိုတာကလည်း မှတ်ပုံတင်လုပ်နည်း လုပ်ဟန်တွေကြောင့် သူတို့လေ့လာချက်အရဆိုရင် အသင်းတစ်သင်းဟာ အဆင့်ဆင့်သွားဖို့ ၃ လ ကနေ ၆ လကြာပါတယ်။ တချို့အသင်း မှတ်ပုံတင်ရဖို့ဆိုရင် ၈ လကနေ တစ်နှစ်ကျော်ပါ တယ်။ အဲဒီတော့ အဲဒီလုပ်ဟန်တွေဖြစ်တဲ့ အရင်တုန်းက ကျွန်တော်တို့ ဆောင်ရွက်ထားခဲ့တဲ့ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ အသင်းအဖွဲ့ဖွဲ့စည်းခွင့် ညွှန်ကြားချက်တွေမှာပါတဲ့ အချက်အလက်များအရ ကြန့်ကြာနေမှုများကိုလည်း ကျွန်တော်တို့ ပြန်လည်ဆန်းစစ်သုံးသပ်ရပါလိမ့်မယ်။ ပုံစံ(က)နဲ့ ဖွဲ့တဲ့ အသင်းအဖွဲ့ တွေဟာ မြို့နယ်၊ မြို့နယ်မှ ခရိုင်၊ ခရိုင်မှနေ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရပြီးမှ နေပြည်တော် အင်မတန်ကြန့်ကြာတဲ့ လုပ်ထုံးလုပ်နည်းတွေဖြစ်ပါတယ်။ ပြန်လည်မှတ်ပုံတင်ဖို့ ပုံစံ(ဂ)ဖြင့် ဆောင်ရွက်တဲ့အခါမှာလည်း အဆင့်ဆင့်လမ်းကြောင်းတွေကြောင့် နှောင့်နှေးကြန့်ကြာမှုတွေ ကြုံတွေ့နေရတယ်လို့ လေ့လာသိရှိရပါတယ်။

လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီတော့ တိုင်းပြည်အတွက် ဒီ NGO အသင်းတွေကို ကျွန်တော်တို့ အသုံးချရပါလိမ့်မယ်။ သို့မဟုတ် ကျွန်တော်တို့ရဲ့ ဒီမိုကရေစီကူးပြောင်းရေးကာလတွေမှာ လက်တွဲရပါလိမ့်မယ်။ ဒီနေရာမှာ ဟိုတစ်နေ့က တိုင်းရင်းသားကိစ္စမှာ ပန်းတနော်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမန်းမောင်မောင်ဉာဏ်ပြောသလို နိုင်ငံတော်အစိုးရနဲ့ ဒီအစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေကြားထဲမှာ အတိတ်တုန်းက သံသယတွေရှိရင် ဒီသံသယ

တွေကိုတော့ အခုကျွန်တော်တို့ ချေဖျက်ရပါတော့မယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ နိုင်ငံရဲ့ ရှေ့ခရီးမှာ အစိုးရမဟုတ်တဲ့အသင်းအဖွဲ့အစည်းတွေရဲ့ အခန်းကဏ္ဍ အင်မတန်လိုအပ်လာပါတယ်။ နေရာတကာမှာ နိုင်ငံတော်အစိုးရပါဝင်ပြီး လုပ်ပေးရမယ့်ခေတ် မဟုတ်တော့ပါဘူး။ ဒီအရပ်ဘက် လူ့အဖွဲ့အစည်းတွေ၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေရဲ့အကူအညီနဲ့ ကျွန်တော်တို့ ပြည်သူ ပြည်သားတွေရဲ့ အကူအညီတွေနဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးသဘာဝ ဘေးအန္တရာယ်ဒုက္ခ တွေကိုဖြစ်လာတဲ့အခါမှာလည်း သူတို့ရဲ့အကူအညီ ကျွန်တော်တို့ ရယူဖို့လိုပါတယ်။ ပြီးခဲ့တဲ့ နာဂစ်မုန်တိုင်းနဲ့ ရခိုင်အရေးအခင်းထဲမှာ အစိုးရမဟုတ်တဲ့အဖွဲ့အစည်းတွေရဲ့ အကူအညီတွေဟာ ဘယ်လောက်အရေးပါတယ်။ ဘယ်လောက်ကြီးမားတယ်ဆိုတာ ကျွန်တော်တို့ တွေ့ခဲ့ပါတယ်။ အဲဒီ အပြင် ဆင်းရဲမွဲတေမှုနဲ့ပတ်သက်ရင်လည်း ဒီအဖွဲ့အစည်းတွေရဲ့ အကူအညီတွေဟာ အင်မတန်မှ အရေးကြီးကြောင်း ကျွန်တော် သာဓကတစ်ခုကို တင်ပြပါရစေ။ သယ်နီးကျွန်းမြို့နယ် ဗကရပ်ကွက်၊ ပန်းရိုက်လမ်းမှာ လူ့ဘဝဆိုတာ ဝက်တဲလောက်တောင် မနေနိုင်တဲ့ ဆင်းရဲတဲ့လူတွေ အကြောင်း ကျွန်တော် Flower News မှာ ဆောင်းပါးရေးပါတယ်။ အဲဒီဟာကို ဖတ်ပြီးတော့ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတစ်ခုက သွပ်ပြားလေး၊ အိမ်လေးနဲ့ လူလိုအနိမ့်ဆုံးအဆင့် နေနိုင်အောင်လာ ကူညီ သွားတာတွေ့ခဲ့ရကတည်းက ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးမှာ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေရဲ့ အခန်းကဏ္ဍဟာ အင်မတန်အရေးကြီးတယ်လို့ ကျွန်တော်ကိုယ်တိုင်ထဲထဲဝင်ဝင် သဘောပေါက်ခဲ့ ပါတယ်။

လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် ဒီအသင်းအဖွဲ့တွေကို ဖွဲ့စည်းတဲ့အခါမှာ တစ်ဖက်ကလည်း စည်းကမ်းတကျဖြစ်ဖို့လိုပါတယ်။ စည်းကမ်းတကျဖြစ်ဖို့ဆိုတာ ငွေရေးကြေးရေးကိစ္စရှိတယ်။ နိုင်ငံတော်ရဲ့ လုံခြုံရေးနဲ့ဆက်စပ်နေတဲ့အချက်တွေရှိတယ်။ ဒါလည်း ကျွန်တော်တို့ နားလည်သဘောပေါက်ပါတယ်။ ဒီလိုပါပဲ ဒီအသင်းအဖွဲ့တွေကို ဖွဲ့စည်းတဲ့အခါမှာ ဖွဲ့စည်းမှုမှတ်ပုံတင်ဖို့ လွယ်ကူဖို့ ဒီမှတ်ပုံတင်စည်းကမ်းတွေကိုလည်း အသင်းအဖွဲ့တွေလည်း အားလုံး လက်ခံနိုင်ဖို့ အရေးအကြီးဆုံးကတော့ ကျွန်တော်တို့ နိုင်ငံရဲ့သမ္မတကြီး ချမှတ်ထားတဲ့ ဒုတိယ အဆင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေမှာ အကူအညီရဖို့အတွက် ကျွန်တော် တင်ပြရရင်တော့ ဒီနေ့ နိုင်ငံတော်က တာဝန်ရှိတဲ့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအပါအဝင်၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့အပါအဝင် ဒီဝန်ကြီးဌာနတွေနဲ့ ဒီနေ့ ပရဟိတ လုပ်ငန်းတွေကို လုပ်နေတဲ့ အစိုးရမဟုတ်တဲ့အဖွဲ့အစည်းတွေ တွေ့ဆုံပြီးတော့ ဒီအသင်းအဖွဲ့တွေရဲ့

ဖွဲ့စည်းတဲ့အခါမှာ ကြုံတွေ့နေရတဲ့အခက်အခဲတွေကို ဘယ်လိုဖြေရှင်းမယ်ဆိုတဲ့ အကြံဉာဏ်များ နှစ်ဦးနှစ်ဖက်ရယူဖို့ လိုအပ်ပါတယ်။ အဲဒီနောက်မှာတော့ ကျွန်တော်တို့ ဒီနေ့ခေတ်၊ ဒီနေ့ကာလ၊ ဒီနေ့ နိုင်ငံတော် မူဝါဒနှင့်ကိုက်ညီတဲ့ အသင်းအဖွဲ့ဆိုင်ရာဥပဒေတစ်ခုကို အားလုံး ကျေကျေလည်လည် ဆွေးနွေးပြီးတော့ ပြဋ္ဌာန်းကြမယ်ဆိုရင် လွှတ်တော်ဥက္ကဋ္ဌကြီး ပြောနေတဲ့အတိုင်း ကျွန်တော်တို့ နိုင်ငံတော်နဲ့ နိုင်ငံသားတွေရဲ့ အကျိုးစီးပွားကို မုချဖြစ်ထွန်းမှာ အမှန်ပါပဲ။ လေးစားရသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီလို အခြေအနေတွေကို ကျွန်တော်တင်ပြခဲ့တဲ့ ကျိုးကြောင်းဖော်ပြ ချက်တွေကို အခြေခံပြီးတော့ အခုကျွန်တော့်အဆိုမှာ ဖော်ပြခဲ့တဲ့အတိုင်း ခေတ်နဲ့မညီတဲ့ အသင်းအဖွဲ့ ဆိုင်ရာ ဥပဒေထဲက အစိုးရမဟုတ်တဲ့ NGO အဖွဲ့အစည်းများရဲ့ အခန်းကဏ္ဍကို ခွဲထုတ်ပေးပါ။ NGO တွေနဲ့ပတ်သက်လို့ သိကြတဲ့ အဓိပ္ပာယ်ဖွင့်ဆိုပေးတဲ့ လုပ်ငန်းဆောင်တာတွေကို မှတ်ပုံတင်ပြီးတော့ ဥပဒေနဲ့အညီ ဆောင်ရွက်နိုင်ဖို့အတွက် ဒီနေ့ခေတ်နဲ့ လျော်ညီတဲ့ အစိုးရမဟုတ်တဲ့ လူ့အဖွဲ့အစည်း (NGO) များ မှတ်ပုံတင်ရေးဆိုင်ရာ ဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးဖို့ နိုင်ငံတော်အစိုးရကို ကျွန်တော်တို့ ပြည်သူ့လွှတ်တော်က တိုက်တွန်းသင့်ကြောင်း တင်ပြရင်း ကျွန်တော့်ရဲ့ အဆိုကို တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းဆွေ(ညောင်ရွှေမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ အင်းလေး ဒေသ ညောင်ရွှေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေ ဖြစ်ပါတယ်။ ရန်ကုန်တိုင်း ဒေသကြီး၊ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်တင်သွင်းတဲ့ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကာလတွင် နိုင်ငံတော်သမ္မတက အရပ်ဘက်လူမှု အဖွဲ့အစည်းအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန် မိန့်ကြားခဲ့ပြီးဖြစ်၍ အရပ်ဘက်လူ့အဖွဲ့အစည်းတွင် ပါဝင်သည့် အစိုးရမဟုတ်သော လူ့အဖွဲ့အစည်း (NGO) များ ဖွဲ့စည်းရေးအတွက် ခေတ်နှင့်လျော်ညီ သော အစိုးရမဟုတ်သော လူ့အဖွဲ့အစည်း (NGO) များ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေတစ်ရပ် ပြဋ္ဌာန်း နိုင်ရန် နိုင်ငံတော်အစိုးရအား ဤလွှတ်တော်မှ တိုက်တွန်းကြောင်းအဆိုသည် လွှတ်တော်တွင် ဆွေးနွေး သင့်တဲ့ အဆိုတစ်ခုဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ လေးလေးနက်နက် ထောက်ခံပါကြောင်း တင်ပြ အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်သွင်းသွားတဲ့ အဆိုနှင့်ပတ်သက်လို့ ခေတ်နှင့်လျော်ညီတဲ့ NGO ဖွဲ့စည်းခြင်းဆိုင်ရာကိစ္စနှင့်ပတ်သက်ပြီးတော့ ဒီကိစ္စဟာ အများပြည်သူတွေ အင်မတန်စိတ်ဝင်စားတဲ့ကိစ္စလည်းဖြစ်သလို အများပြည်သူတွေလည်း ထဲထဲဝင်ဝင်သိသင့်တဲ့ကိစ္စဖြစ်ပါတယ်။ ထို့အတူပဲ ဥပဒေကိုကျင့်သုံးနေတဲ့ ပြည်ထဲရေးဝန်ကြီးဌာန အနေနဲ့လည်း ဒီအသင်းအဖွဲ့တွေ ဖွဲ့စည်းတာနှင့်ပတ်သက်ပြီးတော့ ရှင်းပြနိုင်တဲ့ အခွင့်အလမ်းလည်းရရှိမှာ ဖြစ်တဲ့အတွက် ဒီအဆိုကို မကန့်ကွက်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သယ်န်းကျွန်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်တင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားသလို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးကလည်း သဘောတူကြောင်း တင်ပြသွားပါတယ်။ ဒါကြောင့် ဒီအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်ရဲ့သဘောထားရယူပါမယ်။ ဦးသိန်းညွန့် တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။**]**

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သယ်န်းကျွန်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့် တင်သွင်းတဲ့အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောမတူသူမရှိတဲ့အတွက် လွှတ်တော်က ဆွေးနွေးရန် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဦးသိန်းညွန့်၊ သယ်န်းကျွန်းမဲဆန္ဒနယ်၏ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်အဆိုအား ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ ဇူလိုင်လ ၃၁ ရက် (အင်္ဂါနေ့) ၁၃း၀၀ နာရီအရောက် လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ရန် ဖြစ်ပါတယ်။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၈) ရက်မြောက်နေ့ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၁၇)ရက်မြောက်နေ့ကို ရပ်နားပါ့မယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက် (အင်္ဂါနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃ း ၄၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ကို ၁၃း၄၀ နာရီတွင် ရပ်နားပါသည်။]